# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၂၈)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကလေးသူငယ်ကင်ဆာရောဂါ စောစီးစွာဖော်ထုတ်ကုသရန် ငွေပဒေသာပင်စိုက်ထူ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြား

**ရန်ကုန် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ကလေးသူငယ်ကင်ဆာရောဂါ စောစီးစွာ ရှာဖွေဖော်ထုတ်ကုသရန် ငွေပဒေသာပင်စိုက်ထူခြင်း အခမ်းအနားကို ဩဂုတ်၂၃ရက်က ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး ပြည်နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှ၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ကလေးသူငယ် ကင်ဆာရောဂါစောစီးစွာ ရှာဖွေဖော်ထုတ်ကုသရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)




## မြန်မာ့အလင်း ဆောင်းပါးနှင့် အားကစားအညွှန်း

❑ သူတို့လုပ်နေတာက ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုး ကောင်းစားရေးအတွက်ဆိုပြီး ရည်မှန်းလုပ်ဆောင်နေကြတာပဲ၊ တကယ်ဖြစ်နေတာက နှစ်ပေါင်းမြောက်မြားစွာ အဲဒီနယ်မြေ၊ အဲဒီဒေသ၊ အဲဒီက ပြည်သူတွေပဲ အမှန်တကယ် နစ်နာနေကြတာ၊ ဒုက္ခရောက်နေကြရတာတွေကို အမှန်အတိုင်းမြင်ကြဖို့ ကောင်းပါပြီ၊ အမြန်ဆုံးလဲ ဥပဒေဘောင်အတွင်းကိုဝင်လာကြဖို့ သင့်ပါပြီ။

ဟိန်းမြင့်၏ အငြိမ်းစားတို့စကားဝိုင်း (၁၉) ဆောင်းပါး (စာ-၁၀၊ ၁၁)



**လီဗာပူးအသင်း နိုင်ပွဲစ အာဆင်နယ် ရှုံးပွဲကြို ရိုင်ယန်ဂစ်၏ အနိုင်ဂိုးဖြင့် မန်ယူ နိုင်ပွဲဆက်နိုင်**

ပရီမီယာလိဂ်ပွဲစဉ်(၃)မြင်ကွင်း (စာ-၁၂)

# လားရှိုး မြို့မဈေးကြီး အဆင့်မြင့်တည်ဆောက်မှုလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် လှည့်လည်ကြည့်ရှုစစ်ဆေး စံချိန်စံညွှန်းမီ သတ်မှတ်ကာလပြီးစီးရေး ဆောင်ရွက်ရန်မှာကြား

**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၂ရက် နံနက်ပိုင်းက လားရှိုးမြို့ မြို့မဈေးအဆင့်မြင့် ဆိုင်ကယ်နှင့် ကားရပ်နားရန်နေရာပါ အဆောက်အအုံနှင့် ဈေးဆိုင်ခန်းများ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ တည်ဆောက်ရေးမန်နေဂျာ ဦးသန့်စင်က တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

### စနစ်တကျဆောင်ရွက်

ထို့နောက် တိုင်းမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် စနစ်တကျဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မြို့မဈေးကြီးအတွင်း ပြည်သူများ ဈေးရောင်း ဈေးဝယ်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❐

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

# နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ပေးမည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းမှု၊ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ ကောင်းမွန်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးမည့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံမှုတို့ လိုအပ်သည်။

နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများစွာကို ပိုမိုတိုးမြှင့်တည်ဆောက်ဖြည့်ဆည်း ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံဒေသတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်တို့ကို ဖွင့်လှစ်ထားရာ တိုင်းရင်းသားလူငယ်များအနေဖြင့် အဆင့်မြင့်ပညာရပ်များကို လွယ်လင့်တကူ လေ့လာသင်ယူနိုင်ကြပြီဖြစ်သည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် အခြေခံပညာကျောင်းများကို တိုးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးထားသည့်အပြင် စရိတ်ငြိမ်းပညာသင်ယူနိုင်သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းကိုလည်း ဖွင့်လှစ် ပညာသင်ကြားပေးလျက်ရှိသည်။

အခြေခံပညာသာမက အဆင့်မြင့်ပညာများ ဆည်းပူးနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်ပေးထားပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိသူများကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကလည်း မိုင်းလားမြို့နှင့် ပန်ဆန်း မြို့တို့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကို ဖွင့်လှစ်ထားပြီး ဒေသခံတိုင်းရင်းသားလူငယ်များ တက်ရောက်ပညာသင်ယူနေကြပြီ ဖြစ်သည်။

ဤကဲ့သို့ နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်နှင့်အမျှ တိုင်းရင်းသားလူငယ်များ၏ စက်မှုစွမ်းရည်မြှင့်တင်အားပေးမှုများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည် ဖြစ်ပေသည်။ ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၆ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | Sunday Talk [ကိုကို (စက်မှုတက္ကသိုလ်)၊ ဒေါက်တာဇော်သန်း] |
| ၈း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ | မြေအိုးထမင်းနှင့် အခြားအရန်ဟင်းများ (အပိုင်း-၂) |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၃၅ | ကလေးတို့အတွက်လက်ဆောင် (ပိန်းပန်းနှင့်သားပိုက်ကောင်ရုပ် ခေါက်နည်း) |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၁၅ | တမာပိုးသတ်ဆေး |
| ၉း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ | ကျွန်းသင်းသတ်ခြင်းလုပ်ငန်း |
| ၉း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၅၀ | Myanmar Video Rhythm |
| ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ | မင်ခြစ်လက်ရာများရဲ့ပိုင်ရှင် (ပန်းချီလှမြင့်ဆွေ) |
| ၁၀း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ | နိုင်ငံတကာ အနုပညာရေးရာ |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | မေတ္တာကိုအခြေပြု နယ်လှည့်လို့ကုတဲ့ယာဉ် (ဒါးကခရီးစဉ်) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၆း၅၅ | ပွဲကြိုသုံးသပ်ချက် | 5-Sports |
| ၇း၂၅ | Aston Villa - Newcastle | 5-Sports(Live) |
| ၉း၃၀ | Blackburn - Chelsea | 5-Sports(Live) |
| ၁၁း၃၀ | Final Score | 5-Sports(Live) |

## သီတဂူကြယ်တစ်ပွင့် ဓမ္မသဘင်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၆**

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင်-တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်ဆရာတော် သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် စက်တင်ဘာ ၆ရက်ည ရတနာထွန်းဓမ္မာရုံ ၃၄လမ်း မန္တလေး၊ စက်တင်ဘာ ၇ရက်မှ ၁၃ရက်အထိ သာသနာ့ဗိမာန်တော် ဗန်းမော်မြို့၊ စက်တင်ဘာ ၁၄ရက်နှင့် ၁၅ရက်တို့တွင် တကောင်းမြို့တွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**



## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

## တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ဂုဏ်ပြု

နေပြည်တော် ဩဂုတ် ၂၆

**၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဆုရ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

### ဂုဏ်ပြုဆုပေးအပ်

ရှေးဦးစွာ ဝန်ကြီးဦးသောင်းက အမှာစကားပြောကြားပြီး ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက သုံးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။
**(သတင်းစဉ်)**



**အမှတ် (၁၈) ကျိုက်ဝိုင်းဘုရားလမ်း (၃) ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဒေါ်သီတာထွန်းက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ် လေးသိန်းခြောက်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်းလက်ခံယူစဉ်။** (က-ပ)



# ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မီးသတ်စခန်းသို့သွားရောက်၍ မီးသတ်စက်ယာဉ်များအခြေအနေ၊ ရေရရှိရေးဆောင်ရွက်ထားမှုအခြေအနေ၊ စမ်းချောင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအခြေအနေများ ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဆောက်လုပ်ဆဲ မီးသတ်စခန်းအသစ်ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဝန်ကြီးသည် ကျောက်တံတားမြို့နယ် မီးသတ်စခန်းကိုသွားရောက်၍ မီးသတ်စက်ယာဉ်များကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးက ရန်ကုန်မြို့တော် မီးငြိမ်းသတ်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မီးသတ်စခန်းအတွင်းရှိ အိမ်ထောင်သည်လိုင်းအခန်းများနှင့် မီးငြိမ်းသတ်ရန် ရေရရှိရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်မှုဖြင့် အသိပညာပေးဟောပြောပွဲ အမရပူရမြို့နယ်၌ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ရက် မွန်းလွဲ ၁ နာရီက အမရပူရမြို့နယ် ပန်းချီကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာဖွဲ့မှ ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးခရိုင်နှင့် အမရပူရမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပန်းချီကျေးရွာမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အမျိုးသမီးများ တက်ရောက်ကြသည်။ အစီအစဉ်အရ ရှေးဦးစွာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။**

**ဟောပြော**

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မိမိလေးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာအကြောင်းကို လည်းကောင်း၊ အထက်မြန်မာပြည်ကာလသားရောဂါတိုက်ဖျက်ရေး အထူးကုဆရာဝန်ကြီး ဒေါက်တာဦးထွန်းမြင့်က အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ အကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

ထို့နောက် မန္တလေးခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် လျှောက်လွှာ ၁၃၀၀၀ကို မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက လက်ခံရယူပြီး ဒေါက်တာညွန့်ညွန့်ဦးနှင့် ဒေါ်ခင်ပြုံးဝင်းတို့က ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များအား အဖွဲ့ဝင်ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးသည်။

**လက်ခံရယူ**

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် အမျိုးသမီးရေးရာ ဝတ်စုံများကို ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက ပေးအပ်ရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုက လက်ခံရယူသည်။

ယင်းနောက် အဖွဲ့ဝင်များသည် ပန်းချီကျေးရွာအုပ်စုမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အိုင်အိုဒင်းဆားအထုပ် ၃၀၀ နှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် စာအုပ်များကို ကျေးရွာစာကြည့်တိုက်သို့လှူဒါန်းကာ အမျိုးသမီးရေးရာအကြောင်းများနှင့် စပ်လျဉ်း၍စကားဝိုင်းဖွဲ့ ဆွေးနွေးပွဲများပြုလုပ်၍အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဩဂုတ် ၂၆ရက်က လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မဝင်းဝင်းသန်းအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က–ပ)

# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ ကျိုင်းတုံမြို့ ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် ကျိုင်းတုံမြို့ ဗီဒီယိုလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ဩဂုတ် ၂၃ရက် မွန်းလွဲပိုင်းက ကျိုင်းတုံမြို့ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြအောင်က အဖွင့်အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ဦးက မြန်မာဗီဒီယိုဇာတ်ကားများ တရားဝင်ဖြန့်ချိ၊ ငှားရမ်း၊ ပြသ ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းဝန်းက ပြည်နယ်အတွင်း ဗီဒီယို လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်းရှင်းလင်းတင်ပြကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်သည့် ဗီဒီယိုလုပ်ငန်းရှင်များက သိရှိလိုသည့်ကိစ္စများကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အဆို၊အက၊အရေး၊အတီး၊အငြိမ့်နှင့်ပြဇာတ်ပြိုင်ပွဲပဉ္စမနေ့ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်များ၏ ဆဋ္ဌမအကြိမ် အဆို၊အက၊အရေး၊အတီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ၏ ပဉ္စမနေ့အစီအစဉ်များကိုဩဂုတ်၂၄ရက်က မန္တလေးမြို့ အမှတ်(၃) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်နှင့်ကျောင်းများမှ တပ်မှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)နှင့် အနုပညာဦးစီးဌာန (မန္တလေး)တို့မှ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်စစ်သည်များနှင့် ဝန်ထမ်းများ၊ ဧည့်သည်များနှင့် အနုပညာဝါသနာရှင်များတက်ရောက်ကြသည်။

**ယှဉ်ပြိုင်**

ပဉ္စမနေ့အစီအစဉ်များ၏ နံနက်ပိုင်းတွင် အတီးပြိုင်ပွဲ၊ မြန်မာ့ဆိုင်းဝိုင်း(တစ်ဦးချင်း)၊ (ပတ်ဝိုင်း၊ ကြေး၊ မောင်း)၊ (အမျိုးသား)ပြိုင်ပွဲများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ခေတ်ပေါ်တီးဝိုင်း အကော်ဒီယံ ဆို၊ တီး (အမျိုးသား၊ အမျိုးသမီး)၊ ခေတ်ပေါ်တီးဝိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲများကိုလည်း ကောင်း ကျင်းပပြီး ညပိုင်းတွင် အမှတ် (၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲများက မျက်လှည့်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ ပြည်သူများသုံးစွဲရန် မသင့်ကြောင်း ကြေညာ

၁။ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်၍ ပြည်သူအများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်–

| စဉ် | ဆေးဝါးအမည် | ထုတ်လုပ်ရာဌာန |
|---|---|---|
| ၁။ | လျှပ်စစ်အမှတ်တံဆိပ် ယားနာအမျိုးမျိုးပျောက်ဆေးရည် | ရသာယနဝိဇ္ဇာ၊သိပ္ပံဆေးကုခန်း၊ဆေးတိုက် အိုးတန်း၊ ကမ်းနားလမ်း၊ စစ်တွေမြို့။ |
| ၂။ | သွားပုံအမှတ်တံဆိပ် သွားကိုက်ပျောက်ဆေးရည် | ရသာယနဝိဇ္ဇာ၊ သိပ္ပံဆေးကုခန်း၊ဆေးတိုက် အိုးတန်း၊ ကမ်းနားလမ်း၊ စစ်တွေမြို့။ |
| ၃။ | သုခအမှတ်တံဆိပ် အကြောပြေဝမ်းနုတ်ဆေးပြား | သုခဆေးတိုက်၊ စ/၁ (ခ)၊ မဓာဝီလမ်း မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။ |
| ၄။ | ခြင်္သေ့အမှတ်တံဆိပ် နှလုံးအထူးအားဆေး | ထိပ်တန်းဆေးတိုက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်း။ |
| ၅။ | တူတံဇဉ်အမှတ်တံဆိပ် ၂–မိနစ်အပူကျ ဖျားနာကိုက်ခဲပျောက်ဆေး | တူတံဇဉ်ဆေးဝါးထုတ်လုပ်ရေး။ (နေရပ်လိပ်စာ ဖော်ပြမထားပါ) |
| ၆။ | ရွှေလင်းယုန်အမှတ်တံဆိပ် အပူကျဖျားနာကိုက်ခဲပျောက်ဆေး | ရွှေလင်းယုန်ဆေးတိုက်၊ ရန်ကုန်မြို့။ |
| ၇။ | စောဒေဝီအမှတ်တံဆိပ် သွေးပုပ်ချဆေး | ဈေးကြီးထောင့် ဘုရားလမ်း၊ မအူပင်မြို့။ |
| ၈။ | နံပါတ်ဝမ်း သွားကိုက်သွားနာပျောက်ဆေး | နံပါတ်ဝမ်းဆေးတိုက်၊ မန္တလေးမြို့။ |
| ၉။ | လက်ဝါးနှင့်မှတ်ဆိတ်တံဆိပ် ပန်းနာသုခရှုဆေး | ၂၃၂၊ ရွှေဘုံသာလမ်း၊ ရန်ကုန်။ |

၂။ အများပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးဖြန့်ဖြူးသည့်လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပရိယတ္တိသဒ္ဓမ္မမာမကစာမေးပွဲ ဝင်ခွင့်ပုံစံများ တင်သွင်းနိုင်

**ရန်ကုန် ဩဂုတ် ၂၆**

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်တော် ပရိယတ္တိသဒ္ဓမ္မမာမကအသင်းက ကျင်းပသော ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်သုံးဘာသာဖြေဆိုရမည့် ပရိယတ္တိသဒ္ဓမ္မမာမက စာမေးပွဲအတွက် ဝင်ခွင့်ပုံစံများကို ဩဂုတ် ၇ရက်တွင် ထုတ်ယူနိုင်ကြပြီဖြစ်သည်။ ဝင်ရောက်ဖြေဆိုကြရမည့် သံဃာတော်များနှင့် သီလရှင်များသည် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်တော် ပရိယတ္တိသဒ္ဓမ္မမာမကအသင်း ဓမ္မာရုံရုံးခန်း ဖုန်း–၀၂–၅၇၂၁၂ အနောက်ဘက်ဈေးတန်း ရန်ကင်းတောင်ခြေသို့ မွန်းတည့်၁၂နာရီမှညနေ ၄ နာရီအထိလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့် ဖုန်း–၀၂–၂၈၅၄၆ (မြန်မာ့ဂုဏ်ရည်စေတနာဆေးကုဌာန) ၂၆ ဘီလမ်း၊ ၈၈–၈၉ လမ်းကြား ဆိုင်းတန်း မန္တလေးမြို့သို့လည်းကောင်း အောက်တိုဘာ ၆ ရက် နောက်ဆုံးထား ပြန်လည် ပေးပို့ကြရမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



ဂျာမနီနိုင်ငံအနောက်ပိုင်းတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူနေယာဉ်ပြပွဲတွင် ကားသိမ်းဆည်းရန် နေရာ ထည့်သွင်းတည်ဆောက်ထားသည့် ယာဉ်တစ်စီး ပြသထားသည်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဂျပန်၏ မော်တော်ကားအစိတ်အပိုင်းသွင်းကုန်များ အင်ဒိုနီးရှားက အခွန်ကင်းလွတ်ခွင့်ပြုမည်

ဂျကာတာ ဩဂုတ် ၂၆

**အင်ဒိုနီးရှားနိုင်ငံသည် စီးပွားဖက်ဆက်ဆံရေး သဘောတူညီမှုဆိုင်ရာ စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ခြေလှမ်းသည့်အနေဖြင့်လည်းကောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများကို ထောက်ပံ့ဖြည့်ဆည်းပေးရေးအတွက်လည်းကောင်း ဂျပန်နိုင်ငံမှ တင်သွင်းသော မော်တော်ကားအစိတ်အပိုင်း ပစ္စည်းများအပေါ်တွင် အခွန်ကင်းလွတ်ခွင့်ပြုရန် စီစဉ်နေကြောင်း အင်ဒိုနီးရှားအရာရှိတစ်ဦးက ဩဂုတ် ၂၄ရက်၌ ပြောကြားလိုက်သည်။**

ထိုသို့ ပြုလုပ်ခြင်းဖြင့် ဂျပန်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံ၏ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရေးတို့အတွက် ထောက်ပံ့ပေးနိုင်မည် ဖြစ်ကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူ တစ်ဦးဖြစ်သည့် ဟာလီဒါမီဂျာနီက ပြောကြားသည်။

ယခုကဲ့သို့ ဆောင်ရွက်မှုသည် အင်ဒိုနီးရှားနိုင်ငံအတွင်း ဝိဝါဒကွဲပြားမှုများရှိမည်ဖြစ်သော်လည်း လာမည့် သုံးနှစ်ခွဲမှ ၁၀ နှစ်အတွင်း အကျိုးကျေးဇူးများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**မျှော်မှန်းထား**

ဂျပန်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံတို့သည် ယခုနှစ်ကုန်တွင် နှစ်နိုင်ငံစီးပွားဖက်ဆက်ဆံရေးသဘောတူညီချက်ကို အပြီးသတ်လက်ခံသဘောတူမှု လက်မှတ်ရေးထိုးနိုင်ရန် မျှော်မှန်းထားသည်။

**လက်မှတ်ရေးထိုး**

ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့နှင့် စီးပွားဆက်ဆံရေး သဘောတူညီမှု စာချုပ်များ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ကြက်၊ငှက်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ဗီယက်နမ်နှင့်လာအို ပူးပေါင်းဆောင်ရွက်မည်

**ဟန္နိုင်း ဩဂုတ် ၂၆**

ကြက်၊ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးတွင် ပူးပေါင်းဆောင် ရွက်ရန် ဗီယက်နမ်နှင့်လာအို နှစ်နိုင်ငံတို့က အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ကြက်၊ ငှက် တုပ်ကွေးရောဂါဖြစ်ပွားမှုဆိုင်ရာ သတင်းများနှင့် အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ကြရေးတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်ဟု ဗီယက်နမ်သတင်းဌာနက ဩဂုတ် ၂၄ရက်၌ ဖော်ပြသည်။

**လက်မှတ်ရေးထိုး**

ထိုသို့နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဗီယက်နမ်နှင့်လာအိုနှစ်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများက ဩဂုတ် ၂၄ရက်တွင် ဟန္နိုင်းမြို့၌ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်**

နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရာတွင် သုတေသနပြုမှုများ၊ သုတေသနပညာရှင် ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်ညှိနှိုင်းရေးများ၊ ဆွေးနွေးပွဲများ၊ လေ့ကျင့်ရေးသင်တန်းများ၊ ကြက်၊ငှက်တုပ်ကွေးရောဂါဆန့်ကျင်တိုက်ဖျက်ရေး အစီအစဉ်များနှင့် လူသားများတွင် ကြက်၊ငှက်တုပ်ကွေးရောဂါကူးစက်မှု တိုက်ဖျက်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသည်။

လာအိုနိုင်ငံတွင် ကြက်၊ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုကို ဗီယက်နမ်က အကူအညီပေးသွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ပြန်ပေးဆွဲခံရသောဩစတြီးယား မိန်းကလေးတစ်ဦး ရှစ်နှစ်အကြာပြန်လည်ထွက်ပြေးလွတ်မြောက်လာ

**ဗီယင်နာ ဩဂုတ် ၂၆**

ဩစတြီးယား မိန်းကလေးတစ်ဦးသည် ရှစ်နှစ်တာကြာပြီးနောက် ၎င်းအား ဖမ်းဆီးပိတ်လှောင်ထားခြင်းခံရသော ကားဂိုဒေါင်တစ်ခုမှ ဩဂုတ် ၂၃ ရက်က ထွက်ပြေးလွတ်မြောက်လာကြောင်း၊ ထိုအတောအတွင်း



ပြန်ပေးဆွဲခံခဲ့ရသူ နာတက်ချာကမ်ပွတ်ချ်

သူမအားဖမ်းဆီးထားသူတစ်ဦးက သူ့တွင်အပြစ်ရှိကြောင်း ထုတ်ဖော်ပြောကြားကာ ရထားတစ်စင်း ရှေ့၌ အကြိတ်ခံခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက ဩဂုတ် ၂၄ ရက်တွင် ဖော်ပြသည်။

နာတက်ချာကမ်ပွတ်ချ် အမည်ရှိ အဆိုပါမိန်းကလေးသည် ၁၉၉၈ခုနှစ် မတ်လက ကျောင်းသို့အသွား အသက် ၁၀ နှစ်အရွယ်တွင် ပျောက်သွားခဲ့ခြင်းဖြစ်ကြောင်း၊ သူမအား ဖမ်းဆီးထားသော ကားဂိုဒေါင်တစ်ခုမှ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

**ထွက်ပြေးလာ**

ကမ်ပွတ်ချ်သည် သူမအားဖမ်းဆီးထားသူက ဂိုဒေါင်တံခါးကို ပိတ်ရန်မေ့နေချိန်တွင် ထွက်ပြေးလာပြီး ရဲအဖွဲ့သို့ သတင်းပို့ခဲ့ကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။

ရဲတပ်ဖွဲ့က အသက် ၄၄ နှစ်ရှိ ဝေါ့ဖ်ဂန်းပရင့်လိုပေး အမည်ရှိသူကို ဖမ်းဆီးထားသူဟု သံသယရှိရာ သူ့အား စစ်ဆေးမေးမြန်းခဲ့သဖြင့် ၎င်းကအပြစ်ရှိကြောင်း ဝန်ခံဖြောင့်ချက်ပေးကာ ဗီယင်နာ အဝေးပြေးမီးရထားရှေ့၌ အကြိတ်ခံခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဖမ်းဆီးထား**

သူမအား ဖမ်းဆီးထားသည့်နေရာမှာ ဗီယင်နာမြို့မှ ၁၀ကီလိုမီတာအကွာ စတက်ဟုမြို့လေးရှိ ကားဂိုဒေါင်တစ်ခု၌ ပိတ်လှောင်ဖမ်းဆီးထားခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# လက်ဘနွန်ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်နေ

**ဘေရွတ် ဩဂုတ် ၂၆**

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ တိုက်ခိုက်မှု ပြီးဆုံးသွားပြီးနောက် နေရပ်သို့ ပြန်လာကြသော လက်ဘနွန်ပြည်သူအများစုမှာ အချိန်ကာလတစ်ခုအထိ အိုးမဲ့အိမ်မဲ့ ဖြစ်နေကြမည်ဖြစ်ကြောင်း၊ အကြောင်းမှာ အစ္စရေးတို့တိုက်ခိုက်မှုကြောင့် အိုးအိမ်များပျက်စီးခဲ့ရမှုနှင့် မပေါက်ကွဲသေးသည့် ဗုံးများ အန္တရာယ်တို့ကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ယူအင်အိပ်ချ်စီအာမှ ထုတ်ပြန်သော သတင်း၌ဖော်ပြသည်။

ထို့အပြင် ဆောင်းရာသီရောက်ရှိတော့မည်ဖြစ်ရာ စားနပ်ရိက္ခာပြတ်လပ်မှုအခက်အခဲနှင့်လည်း ကြုံတွေ့ရဖွယ်ရှိကြောင်း အဆိုပါရုံးမှ ဩဂုတ် ၂၄ ရက်၌ သတိပေးထားပြီး ထိုသို့ဖြစ်ရခြင်းမှာ စစ်ဘေးစစ်ဒဏ်ကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ဘနွန်တောင်ပိုင်းရှိစစ်ဘေးစစ်ဒဏ် အဆိုးရွားဆုံးခံရသော နယ်မြေများသို့ ကွင်းဆင်းလေ့လာခဲ့သော ယူအင်အိပ်ချ်စီအာက အစ္စရေးတို့၏ မြေပြင်တိုက်ခိုက်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ဆိုးဆိုးရွားရွား ပျက်စီးမှုများ ဖြစ်ခဲ့သည်ဟုဆိုသည်။

နေရပ်ပြန်လာသော လက်ဘနွန်ပြည်သူများ၏ ၆၀ မှ ၇၀ ရာခိုင်နှုန်းသည် နေအိမ်များ ပျက်စီးပြီး အိမ်နီးချင်းများ သို့မဟုတ် ကျေးရွာအနီးများတွင် နေထိုင်ကြရသည်ဟု ယူအင်အိပ်ချ်စီအာက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှု မြို့ကြီးများ၌ ပူအိုက်မှု ပိုမိုကြုံတွေ့နိုင်

လန်ဒန် ဩဂုတ် ၂၆

**ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် မြို့ကြီးများ၌နေထိုင်သော ပြည်သူများ၏လူနေမှုစနစ်မှာ ပြောင်းလဲလာကာ သက်ကြီးရွယ်အိုများ ပို၍ဒုက္ခရောက်လာရကြောင်း လန်ဒန်အာဏာပိုင်အဖွဲ့၏ လေ့လာချက်စစ်တမ်းတွင် ဖော်ပြသည်။**

လာမည့်ဆယ်စုနှစ်များအတွင်း အပူချိန်မြင့်မားမှုကြောင့် ပတ်ဝန်းကျင်ဒေသများထက် မြို့ကြီးများတွင် ပို၍ပူလာနိုင်ကြောင်း၊ အပူလှိုင်းများကျ ရောက်စဉ် အပူချိန်မှာ ၆-၇ ဆဲလ်စီး ရပ်စ်အထိ မြို့ကြီးများတွင် မြင့်တက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

**ဆန်းစစ်လေ့လာ**

လန်ဒန်ဘုရင့်ကောလိပ်မှ ပါမောက္ခ မက်ဂရီဂေါက မကြာသေးမီက ဥရောပတစ်ဝန်း အပူလှိုင်းများကျရောက်ခဲ့ရာမှ အပူလှိုင်းကြောင့် ဆက်စပ်ရောဂါများ ဖြစ်ပွားခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဆန်းစစ်လေ့လာ တင်ပြခဲ့ခြင်းဖြစ်သည်။

**ခန့်မှန်း**

ယင်းလေ့လာချက်အရ လန်ဒန်ကဲ့သို့ မြို့ကြီးများသည် ၂၀၈၀ပြည့်နှစ်အရောက်တွင် ယခုထက်ပို၍ အပူဒဏ်ကို ကြုံတွေ့ရဖွယ်ရှိသည်ဟု ၎င်းက ခန့်မှန်းတင်ပြထားသည်။

**ဆန်းစစ်တင်ပြ**

ဤသို့ အပူချိန်မြင့်မားလာမှုကြောင့် မြို့ကြီးများ၌ နေထိုင်သော သက်ကြီးရွယ်အိုများသည် ပို၍ဒုက္ခရောက်လာရကြောင်းလည်း ၎င်းက ဆန်းစစ်တင်ပြထားသည်။

အပူချိန်မြင့်မားလာ၍ ၂၀၀၃ခုနှစ် က ဥရောပတစ်ဝန်း မြို့ကြီးများ၌ သေဆုံးသူပေါင်း ၃၀၀၀၀ရှိခဲ့ကြောင်း ပါမောက္ခ မက်ဂရီဂေါက အထက်ပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ ဆက်စပ်တင်ပြထားသည်။

**ပူနွေးလာ**

အနာဂတ်ကာလတွင် ယခုကဲ့သို့ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် မြို့ကြီးပြကြီးများတွင် ပို၍ပူနွေးလာနိုင်ကြောင်းလည်း ၎င်းက ခန့်မှန်းပြော ကြားသည်။

**(အင်တာနက်)**

**ပွာတိုရီကိုနိုင်ငံသူ ၂၀၀၆ မယ်စကြာဝဠာ ဇူလေကာရီဗာရာမင်ဒိုဇာ**(ဝဲ)**နှင့် ၂၀၀၅အင်ဒိုနီးရှားအလှမယ် နာဒင်းချန်ဒရာဝီနာတာ** (ယာ) **တို့နှစ်ဦးအား အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ အပြီး၌ ဩဂုတ်၂၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)





တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်းပြည်နယ်ရှိ မဇီတန်ရေအိုင်တွင် အပူချိန်လွန်ကဲမှုကြောင့် ငါးများသေဆုံးလျက်ရှိသည်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တရုတ်နှင့်ဗီယက်နမ်နှစ်နိုင်ငံ

## ရေနံနှင့်သဘာဝဓာတ်ငွေ့ ပူးပေါင်းရှာဖွေမှု တိုးမြှင့်မည်

ပေကျင်း ဩဂုတ် ၂၆

**တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့သည် ဘိဘူးပင်လယ်ကွေ့နယ်စပ် ရေပိုင်နက်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေရေးနှင့်ထုတ်ယူရေးအတွက် အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၄ရက်က ပေကျင်း၌ ထုတ်ပြန်သော ပူးတွဲကြေညာချက်၌ ဖော်ပြသည်။**

### ဖော်ပြ

ဗီယက်နမ်ခေါင်းဆောင် နွန်ဒတ်မန်းသည် ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်အထိ တရုတ်နိုင်ငံသို့သွားရောက်လည်ပတ်စဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် နယ်စပ်ကိစ္စ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ချေးငွေနှင့်ဒေသခွဲ စီးပွားရေးစသော သဘောတူညီချက်များ ရရှိခဲ့ကြောင်း အဆိုပါကွန်မြူနစ် နှစ်နိုင်ငံ၏ ပူးတွဲကြေညာချက်၌ ဖော်ပြသည်။

တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သည် အငြင်းပွားနေသော နယ်စပ်ကိစ္စများကိုလည်း ထပ်မံဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။

### ပူးပေါင်းဆောင်ရွက်

တရုတ်နိုင်ငံ ကွမ်စီကျောင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကွမ်ဒေါင်းနှင့် ဟိုင်နန်ပြည်နယ်များနှင့် ဗီယက်နမ်မြောက်ပိုင်း ခွဲခြားထားသော ဘိဘူးပင်လယ်ကွေ့၌ ပူးတွဲရေကြောင်းကင်းလှည့်ရေးနှင့် နယ်စပ်ဒေသ အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံသဘောတူညီခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပါကစ္စတန်၌ ဗုံးပေါက်ကွဲ

**ကွီတာ ဩဂုတ် ၂၆**

ပါကစ္စတန်နိုင်ငံ ပါကစ္စတန်နီစီးတီးမြို့တွင် ဩဂုတ် ၂၄ရက်က ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် လူငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိမှုများမှာ မပြင်းထန်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဖြစ်ပွားမှုမှာ ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ် အနောက်တောင်ဘက် ပါကစ္စတန်နီစီးတီးတွင်ရှိသော အစိုးရအဆောက်အအုံတစ်ခု အနီး မော်တော်ကားများအောက်တွင် ဗုံးများ ထားရှိခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများအား ဆေးရုံသို့ အလျင်အမြန်တင်ပို့ကာ ဆေးကုသမှု ခံယူစေလျက်ရှိသည်။ အဆိုပါ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

# အီရတ်၌ ကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

**ဘဂ္ဂဒက် ဩဂုတ် ၂၆**

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်က ဘဂ္ဂဒက်၌ ဩဂုတ် ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသည် ဘဂ္ဂဒက်၌ ပြောက်ကျားများ ပစ်ခတ်သည့် ဒဏ်ရာများကြောင့် ဩဂုတ် ၂၄ရက် မွန်းလွဲပိုင်းက သေဆုံးခဲ့ကြောင်း အီရတ်ရှိ အမေရိကန်စစ်ဌာနချုပ်မှ ထုတ်ပြန်သော ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

**ထိမှန်**

ထိုနေ့စောစောပိုင်းက အခြားအမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာလည်း ၎င်းစီးနင်းလိုက်ပါလာသော မော်တော်ယာဉ်ကို လမ်းဘေးဗုံးထိမှန်ခံရသဖြင့် သေဆုံးခဲ့ကြောင်း ယင်းကြေညာချက်၌ ဖော်ပြသည်။

တတိယမြောက် တပ်ဖွဲ့ဝင်မှာ ဩဂုတ် ၂၃ ရက်က ရန်သူတပ်များနှင့် တိုက်ပွဲဖြစ်ပွားစဉ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

၂၀၀၃ ခုနှစ် မတ်လက အီရတ်ကို အမေရိကန်ဦးဆောင် ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ အနည်းဆုံး ၂၆၁၄ ဦးရှိသွားပြီဖြစ်ကြောင်း ၎င်းစစ်ဘက်ကြေညာချက်၌ ဖော်ပြပါရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အစ္စရေးနိုင်ငံမြောက်ပိုင်း၌ ပျက်စီးခဲ့ရမှုအတွက် ပြန်လည်တည်ဆောက်ရေး ဒေါ်လာနှစ်ဘီလီယံကျော် အိုလ်မတ်ခွင့်ပြု

နာဟာရီယာ ဩဂုတ် ၂၆

**အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့၏ ၃၄ရက်ကြာ ပစ်ခတ်တိုက်ခိုက်မှုတွင် ဟစ်ဇ်ဘိုလာတို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့ရသော အစ္စရေးနိုင်ငံမြောက်ပိုင်း နယ်မြေများတွင် ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်က ဩဂုတ် ၂၄ရက်၌ ကတိပြုလိုက်သည်။**

### ပြောကြား

ထိုသို့ ရန်ပုံငွေကို နိုင်ငံခြားအကူအညီနှင့် နိုင်ငံတော်ဘတ်ဂျက်မှ ကျခံပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေကို အမေရိကန်ဒေါ်လာ ၂ဒသမ ၃ဘီလီယံ သတ်မှတ်ထားကြောင်း အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က အစ္စရေးနိုင်ငံမြောက်ပိုင်း နာဟာရီယာမြို့သို့ ခရီးထွက်စဉ် ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

### စတင်ပြုလုပ်

ထိုရန်ပုံငွေများ မည်ကဲ့သို့ သုံးစွဲရမည်ကို လာမည့်သီတင်းပတ်အတွင်း စီစဉ်သွားမည်ဖြစ်ကြောင်း၊ မိမိ အစိုးရအဖွဲ့အတွင်း ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း မစ္စတာ အိုလ်မတ်က ပြောကြားသည်။ အစ္စရေးနိုင်ငံ၏ ၂၀၀၆ခုနှစ် ဘတ်ဂျက်ကာလ ပြီးဆုံးသွားပြီဖြစ်ရာ အပိုဆောင်းငွေ အဖြစ် သုံးစွဲသွားမည် ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**




# ဖိလစ်ပိုင် ဘူလူဆန်မီးတောင်မှ မီးခိုးများမှုတ်ထုတ်နေ

မနီလာ ဩဂုတ် ၂၆

**ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း ဆောဆိုဂွန်ပြည်နယ်ရှိ ဘူလူဆန်မီးတောင်မှာ ပြီးခဲ့သည့် တစ်လကျော်ကတည်းက လှုပ်ရှားမှုမရှိဘဲရှိနေရာမှ ဩဂုတ် ၂၄ရက် နံနက်ပိုင်းမှစတင်ကာ မီးခိုးများ မှုတ်ထုတ်လျက်ရှိကြောင်း ဖိလစ်ပိုင်ရှိ မီးတောင်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။**

### စောင့်ကြည့်

**ဘူလူဆန်မီးတောင်သည် ဩဂုတ် ၂၄ရက် နံနက် ၁၁နာရီအချိန်က မီးခိုးများ မှုတ်ထုတ်လျက်ရှိကြောင်း၊ မိမိတို့သတိထား စောင့်ကြည့်နေကြောင်း ၎င်းတို့က ပြောကြားသည်။**

### ထုတ်ပြန်

**ယခုကဲ့သို့ မီးတောင်မှ မီးခိုးများထွက်ရှိနေမှုကြောင့် အနီးဝန်းကျင်တွင် နေထိုင်သော ဒေသခံများအား အနိမ့်ဆုံး သတိပေးချက်တစ်ရပ် ထုတ်ပြန်ပေးထားကြောင်း သိရသည်။** အမ်အင်အေ၊ဆင်ဟွာ

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား



## နှစ်ပေါင်း ၃၀၀ကျော်က စားပွဲတင်နာရီ

**လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ကျော်က ပြုလုပ်ခဲ့သော စားပွဲတင်နာရီ တစ်လုံးကို တွေ့ရစဉ်။** (ဝဲပုံ)

အဆိုပါ စားပွဲတင်နာရီကို ဂျာမန်လက်မှုပညာရှင် အီလီရက်အိုင်ကရီမာရာက ၁၆၉၇ခုနှစ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တောင်ပံဖြန့်ထားသော သိန်းငှက်နှစ်ကောင်ရင်အုံတွင် နာရီကို ထည့်သွင်းပြုလုပ်ထားခြင်းဖြစ်ပြီး ယခုအခါ ဂျာမနီနိုင်ငံ ဘာလင်မြို့ သမိုင်းပြတိုက်၌ အများပြည်သူတို့အား ပြသထားသည်။

**(အင်တာနက်)**

## ကင်းမြီးကောက်များနှင့် နေထိုင်သူ

**အဆိပ်ပြင်းသော ကင်းမြီးကောက် အကောင်ရေ ၃၀၀၀ ကျော်နှင့် နေထိုင်သူ အမျိုးသမီး တစ်ဦးကို တွေ့ရစဉ်။** (ယာပုံ)

ထိုင်းအမျိုးသမီးတစ်ဦးဖြစ်သူ ကင်ချာနာသည် အဆိပ်ပြင်းသော ကင်းမြီးကောက် အကောင်ရေ ၃၀၀၀နှင့်အတူ ရက်ပေါင်း ၃၂ ရက်ကြာ နေထိုင်ပြကာ ကမ္ဘာပေါ်တွင် ကင်းမြီးကောက် အကောင်ရေ အများဆုံးနှင့် ရက်အကြာဆုံး နေထိုင်သူအဖြစ် ဂင်းနစ်စ် မှတ်တမ်းဝင်အောင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**



# နိုင်ငံတော်၏ ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာလုပ်ငန်းများ ပြည့်မီရေး ဝန်ထမ်းများအားလုံး စိတ်စေတနာကောင်းဖြင့် အလေးအနက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (အောက်ပုံ)

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် ပထမလေးလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ၊ အစီအမံများကို တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် စီမံချက်များ၊ နည်းလမ်းများ ချမှတ်က အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်း တာဝန်များကို ဝန်ထမ်းများ အားလုံးက စိတ်စေတနာကောင်းဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများအတိုင်း တိကျမှန်ကန်စွာ၊ တာဝန်သိစွာ၊ ရိုးဖြောင့်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။



### သုံးသပ်တင်ပြ

ဆက်လက်၍ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက မိမိတို့ဌာနအလိုက် ဘဏ္ဍာနှစ် ပထမလေးလအတွင်း ရည်မှန်းချက်များအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သုံးသပ်တင်ပြကြပြီး သုံးသပ်တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်မှာကြားသည်။

### ရည်မှန်းချက်

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် ယခုညှိနှိုင်းအစည်းအဝေး၌ တင်ပြဆွေးနွေးခဲ့ကြသော လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ ကွာခြားနေရသည့် အကြောင်းအကျိုးများကို အခြေခံပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများ ချမှတ်ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက်များပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် လစ်ကွက် ဟာကွက်မရှိအောင် ထိရောက် ထက်မြက်စေရန် လိုအပ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဌာန၏ တာဝန်နှင့် ရည်မှန်းချက်များကို မှန်ကန်ပြည့်စုံစွာနားလည်သဘောပေါက်ရေး၊အပြည့်အဝတာဝန်ထမ်းဆောင်ရေးအတွက် တွန်းအားပေးနေရန် လိုအပ်ကြောင်းဖြင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၁၁၀ သမိန်ဗရမ်းလမ်း တာမွေမြို့နယ်နေ ကျေးဇူးရှင် မိခင်ဒေါ်အေး၊ ခင်ပွန်း ဦးမြသိန်းအား ရည်စူး၍ ဩဂုတ် ၂၇ ရက်တွင် ကျရောက်သော ဒေါ်နုနု၏(၈၂)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဇကေဝယ်ယူရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၈မိုင် ရွှေရတနာလမ်း အမှတ် ၁၈/ဒီ–၁၄ နေ ဦးကိုကို– ဒေါ်ခင်နွဲ့နွဲ့နှင့်သမီး မမီမီကို မိသားစုက အလှူငွေကျပ် နှစ်သိန်းနှစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းအကျိုးတော်ဆောင်ဆရာတော် အမှူးဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဇကေဝယ်ယူရန်အတွက် ဦးဟိန်စန်းအား ရည်စူး၍ ကရင်ပြည်နယ် ဘားအံမြို့ ၅ရပ်ကွက် ၂လမ်း အောင်နန်းရပ် အမှတ် ၅/၂၅၅ နေ ဇနီး ဒေါ်လှမြင့်နှင့် သားသမီးများဖြစ်ကြသော ကိုဇော်ဝင်း– မသင်းသင်းအေး၊ မခင်စန်းဝင်း၊ မောင်စန်းဝင်း– မစန်းကေသီဝင်း၊ မြေး ခွန်ပန်းအောင် မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် အမှူးဆောင်ဆရာတော် ရှေ့မှောက်၌ တာဝန်ခံ ဒေါ်နယ်လီအုန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(က–ပ)

# အိပ်ချ်အိုင်ဗွီဆေးများက သားအိမ်ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်

အိပ်ချ်အိုင်ဗွီဆေးဝါးများကို အသုံးပြုခြင်းသည် အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော သားအိမ်ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ဟန့်တားစေနိုင်ကြောင်း ဗြိတိန်ရှိကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များက ယုံကြည်လျက်ရှိသည်။

### သုတေသနပြု

အေအိုင်ဒီအက်စ်ရောဂါကိုဖြစ်စေတတ်သော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးကို တိုက်ခိုက်နိုင်သကဲ့သို့ သားအိမ်ကင်ဆာကိုလည်း အဆိုပါ အိပ်ချ်အိုင်ဗွီဆေးက ဟန့်တားပေးနိုင်သည်ဟု ဓာတ်ခွဲသုတေသနပြုချက်များအရ သိရကြောင်း ယင်းတို့က ပြောကြားသည်။

သားအိမ်ကင်ဆာရောဂါဖြစ်ပွားစ အမျိုးသမီးများအနေဖြင့် သားအိမ်ကို ခွဲစိတ်ဖယ်ရှားခြင်းမပြုရရန်အတွက် အဆိုပါအိပ်ချ်အိုင်ဗွီဆေးများသုံးစွဲနေသည့် အမျိုးသမီးများမှာ ထောင်ပေါင်းများစွာရှိနေပြီဖြစ်ကြောင်း မန်ချက်စတာ တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။



### မတားဆီးနိုင်

သားအိမ်ကင်ဆာရောဂါ ကာကွယ်ဆေးများမှာ အများအပြားပေါ်ထွက်နေသော်လည်း လက်တွေ့၌မူ သားအိမ်ကင်ဆာဖြစ်ပွားမှုကို ထိရောက်စွာ မကာကွယ်ပေးနိုင်ကြောင်း၊ ထို့အပြင် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးကိုလည်း ထိထိရောက်ရောက် မတားဆီးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

သားအိမ်ကင်ဆာဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်မှုပြုနိုင်ရန် အမျိုးသမီးများအနေဖြင့် သားအိမ်ကျန်းမာရေးကို ပုံမှန်စစ်ဆေးမှုခံယူသင့်ကြောင်း၊ သားအိမ်ကင်ဆာရောဂါ ဖြစ်ပွားရန် သံသယဖြစ်ဖွယ် အဖုအကျိတ်များ တွေ့ရှိပါက ဆရာဝန်များထံ နည်းလမ်းတကျဆေးကုသမှုနှင့် အကြံဉာဏ်ရယူမှုများ ပြုလုပ်ကြရန် လိုအပ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

### အရေအတွက်

သို့သော်လည်း သားအိမ်ကင်ဆာ ဖြစ်ပွားလာပါက အများအားဖြင့် သားအိမ်များကို ခွဲစိတ်ဖယ်ရှားမှုများကြောင်း၊ ဗြိတိန်နိုင်ငံတွင် သားအိမ်ကင်ဆာဖြစ်စ အမျိုးသမီးများအနေဖြင့် သားအိမ်ကို ခွဲစိတ်ဖယ်ရှားသည့် အမျိုးသမီးအရေအတွက်မှာနှစ်စဉ်၅၀၀၀၀ခန့်ရှိနေကြောင်းဖြင့်လည်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

### မျှော်လင့်

ဓာတ်ခွဲခန်း၌လက်တွေ့သုတေသန ပြုချက်အရ အိပ်ချ်အိုင်ဗွီဆေးများသည် သားအိမ်ကင်ဆာဆဲလ်များ ပြန့်ပွားမှုကို ထိန်းချုပ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် မကြာမီကာလအတွင်း အိပ်ချ်အိုင်ဗွီဆေးကဲ့သို့သော သားအိမ်ကင်ဆာရောဂါဆေးဝါးများ ထုတ်လုပ်ပေးနိုင်ရန် မျှော်လင့်ထားကြောင်း သုတေသနပညာရှင် ဒေါက်တာအိုင်ရင်ဟပ်ဆန်က ပြောဆိုသည်။

**(ကိုးကား–အင်တာနက်)**

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

## မြဝတီရုပ်မြင်သံကြား

**၂၇–၈–၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဓမ္မာနုပဿနာ သတိပဋ္ဌာန်"**

**နေ့လယ်ပိုင်း**

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အိမ်ရှင်မကောင်း"**
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ မိုးလေဝသသတင်း
- ၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း–၄၉)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၉။ English Premier League ဘောလုံးပွဲ Blackburn Rover Vs Chelsea (Live)

# ‘ဝ’ တိုင်းရင်းသားတို့နေထိုင်ရာပန်ဆန်း(ခေါ်)ပန်ခမ်းဒေသ
# မြို့ကြီးများနှင့်မခြား ဖွံ့ဖြိုးတိုးတက်

*** ကျော်ဖုံးမှ**

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကိုလည်း ယှဉ်တွဲဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၃ခုနှစ်တွင် ကိုးကန့်ဒေသ၌ မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် တရားဝင်ကြေညာနိုင်ခဲ့ပြီ ဖြစ်၏။ ထို့အတူ အထူးဒေသ(၂) ‘ဝ’ တိုင်းရင်းသားများ၏ ဒေသမှာလည်း ၂၀၀၅ခုနှစ် ဇွန်လက ဘိန်းစိုက်ပျိုးမှု ကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်ခဲ့သည်။

**ဟန်ချက်ညီညီဆောင်ရွက်**

နိုင်ငံတော်က မူးယစ်ဆေးဝါးများ တားဆီးကာကွယ်ဟန့်တား တိုက်ဖျက်ရေးလုပ်ငန်းများကိုသာ လုပ်ဆောင်နေခြင်းမဟုတ်ဘဲ နောက်ဆက်တွဲဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများမှာ ဘိန်းစိုက်တောင်သူများ အစားထိုးဝင်ငွေရရှိရေး၊ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြှင့်တင်ရေး လုပ်ငန်းများကိုပါ ဟန်ချက်ညီညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**ထောက်ပံ့ပေးခဲ့**

‘ဝ’ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သန်းပေါင်း ၂၈၆၅ ဒသမ ၆၆ သန်းကို နိုင်ငံတော်က ကျခံ ဆောင်ရွက်ပေးသည့်အပြင် ငွေသားနှင့် အထွေထွေပစ္စည်းကျပ်သန်းပေါင်း ၁၂၅၆သန်းကိုလည်း ထောက်ပံ့ပေးခဲ့သည်။

**ပန်ဆန်း**

ထို့ကြောင့် ၁၉၈၈ခုနှစ်မတိုင်မီက ပန်ဆန်း (ပန်ခမ်း)သည် ရွာလေးတစ်ရွာအဖြစ်မှ ယခုအခါ တစ်မူထူးခြားစွာ ဖွံ့ဖြိုးတိုးတက်နေသော မြင်ကွင်းကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည်။ ပန်ဆန်း (ခေါ်) ပန်ခမ်း ဒေသသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ မြို့တော် လားရှိုးမြို့ကြီးနှင့်မခြား စည်ကားသာယာလှပ ဖွံ့ဖြိုးတိုးတက်နေသော မြင်ကွင်းက ဖွံ့ဖြိုးတိုးတက်မှု၏ သက်သေခံအဖြစ် မြင်တွေ့နိုင်သည်။

**ပန်ဆန်းမြို့ကွက်**

ပန်ဆန်း(ခေါ်)ပန်ခမ်း၏မြို့ကွက်မှာ စနစ်တကျ ဖော်ထုတ်ထားပြီး လမ်းများမှာ ကွန်ကရစ်လမ်းများ ဖြစ်သည်။ လူနေအိမ်အဆောက်အအုံနှင့် ဈေးဆိုင်၊ စတိုးဆိုင်နှင့် ကုန်တိုက်များမှာ အဆင့်မြင့် ဆောက်လုပ်မှုများကြောင့် သပ်ရပ်လှပ ခံ့ညားနေသည်။ တချို့သော အဆောက်အအုံပုံစံများမှာ ရန်ကုန်မြို့ရှိ ခေတ်မီအိမ်ပုံစံများအဖြစ် ထူးခြားအံ့သြစွာ မြင်တွေ့ခဲ့ရသဖြင့် ‘ဝ’ တိုင်းရင်းသားတို့၏ ဒေသသည် အမှန်တကယ် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့ချေပြီ။

**ဘိန်းအစားထိုး**

‘ဝ’ ဒေသတွင် မူးယစ်ဆေးဝါးနှင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်စေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထုတ်ယူထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း သိရ၏။ ဘိန်းအစားထိုးနှစ်ရှည်သီးနှံစိုက်ပျိုးထုတ်လုပ်စေသည့် နမ့်တစ်မှာ ရော်ဘာဧက ၃၀၀၀၊ နှင်းသီးနှင့်လိုက်ချီးဧက ၁၁၀၀ကျော်၊ ပန်ဆန်းမှာ ရော်ဘာ ဧက ၄၀၀၀စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေပြီ ဖြစ်သည်။

**ပူးပေါင်းပါဝင်**

နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့်ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) အဖွဲ့တို့ကလည်း ‘ဝ’ ဒေသအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။

**လမ်းနှင့်တံတား**

‘ဝ’ ဒေသတွင် လမ်းမိုင်ပေါင်း ၉၀၀နီးပါးကို အသစ်ဖောက်လုပ်ပေးထားပြီး လမ်းဟောင်းမိုင်ပေါင်း ၁၀၀၀ ခန့်ကိုလည်း အဆင့်မြှင့်တင်ပေးခဲ့သည်။ လမ်းများပေါ်တွင် တံတားကြီး ငါးစင်းနှင့် တံတားငယ် ၄၃စင်းကိုလည်း နိုင်ငံတော်က အသစ်တည်ဆောက်ပေးခဲ့သည်။

**စောင့်ရှောက်ပေး**

‘ဝ’ ဒေသအတွင်း ပညာရည်မြှင့်တင်မှုအနေဖြင့် အခြေခံပညာကျောင်းပေါင်း ၅၈ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး ဆေးရုံ ခြောက်ခု၊ ဆေးပေးခန်း ၁၁ခန်းနှင့် ကျန်းမာရေးဌာနရှစ်ခုကို ဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိသည်။

‘ဝ’ ဒေသတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရရှိသည့် ရွာတစ်ရွာနှင့် မြို့တစ်မြို့ရှိပြီး မီးလင်းသောမြို့ ငါးမြို့ရှိ၏။ စာတိုက်၊ကြေးနန်းနှင့်တယ်လီဖုန်းရုံးများဖွင့်လှစ်ထားရှိပေးထားသည့်အတွက် ဆက်သွယ်မှုလွယ်ကူလျက်ရှိသည်။ မြို့ပြနှင့် ကွာဟမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေးထားမှုကြောင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံငါးခုကလည်း မြို့ကြီးများနှင့် တစ်ပြေးညီ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားမြို့သည်လည်း တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ တရုတ်ပြည်၏ နယ်စပ်မြို့တစ်မြို့ဖြစ်၍ တရုတ်နှင့်မြန်မာ ကူးသန်းသွားလာမှု၊ ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်သည်။

**မူးယစ်ဆေးဝါးပပျောက်ရေး**

မိုင်းလား၏ အထင်ကရမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်ဖြစ်ပြီး ပြတိုက်တွင် ယခင်က မိုင်းလားနှင့် ယခုမိုင်းလားကွာခြားမှု၊ တိုးတက်မှုများကို သမိုင်းဝင်ပြသထားသည်။ မူးယစ်ဆေးဝါးနှင့် ဘိန်းပပျောက်ရေးအတွက် ဆောင်ရွက်ချက်များကို ပြတိုက်အတွင်း၌ခင်းကျင်းပြသထားမှုများကလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့်အခမ်းအနားကို ဩဂုတ်၁၄ရက်က ကျိုင်းတုံတွင် ကျင်းပခဲ့ရာ မိုင်းလားဒေသမှ တိုင်းရင်းသားခေါင်းဆောင်များလည်း တက်ရောက်ကြသည်။

ထိုနေ့က မီးရှို့ဖျက်ဆီးလိုက်သည့် မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ ငွေကျပ် ၉ ဒသမ ၂ ဘီလီယံ အမေရိကန်ဒေါ်လာ (ခန့်မှန်း)၄၃၆သန်းဖြစ်သည်။

မိုင်းလားဒေသတွင် ၁၉၉၇ခုနှစ် ဧပြီ၂၂ရက်က ဘိန်းစိုက်ပျိုးမှု ကင်းမဲ့ဇုန်အဖြစ် ကမ္ဘာကသိအောင် ကြေညာနိုင်ခဲ့သည်။ ဘိန်းအစားထိုး သီးနှံများစိုက်ပျိုး၍ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချနေသည်။ ဘိန်းအစားထိုးသီးနှံများအဖြစ် နှစ်ရှည်ပင် ရော်ဘာ၊ သရက်နှင့် ဖာလာ၊ ကြံတို့ကို စိုက်ပျိုးလျက် အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း တွေ့မြင်ခဲ့ရသည်။

**မြို့ပြအသွင်**

မိုင်းလားဒေသသည်ရှမ်းပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးမှု ကင်းစင်ပပျောက်ရေးအတွက် ပထမဦးဆုံးစတင်လုပ်ဆောင်သော ဒေသဖြစ်သည်။ ယခုအခါ မြို့ပြကြီးတစ်ခုအသွင် ခေတ်မီခံ့ညားသော မိုင်းလားအဖြစ် မြင်တွေ့နိုင်ကြသည်။

**မျက်ဝါးထင်ထင်**

မိုင်းလားဒေသတွင် ရော်ဘာနှစ်ရှည်ပင်ကို ဧကနှစ်သောင်းကျော်စိုက်ပျိုးထားနိုင်ခဲ့ပြီး တချို့နေရာများတွင် ရော်ဘာစေးများကို ခြစ်ယူထုတ်လုပ်နိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ရှမ်းနှင့်ပလောင်လူမျိုးများမှီတင်းနေထိုင်သောဒေသဖြစ်ပြီး မိုင်းလားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ အားရဖွယ်ကောင်းလောက်အောင် မြင့်မားလျက် ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြပေပြီ။

**သမိုင်းမှတ်တမ်းများ**

နိုင်ငံတော်က မြို့ပြနှင့်နယ်စပ် ကွာဟမှုနည်းအောင်ဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူမျိုးများဘဝအဆင့်အတန်းမြင့်မားရေးသည် နိုင်ငံတော်အစိုးရ၏ စိတ်ရင်း စေတနာမှန်ဆောင်ရွက်ချက်များဖြစ်ရာ အထူးဒေသ(၂) ပန်ဆန်းနှင့် အထူးဒေသ(၄)မိုင်းလားဒေသတို့၏ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာမှုသည် ပြည်ထောင်စုတိုင်းရင်းသားတို့၏ ချစ်ကြည်စည်းလုံးမှု၏ အောင်ပွဲရလဒ်များအဖြစ် သမိုင်းမှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ ။

**(မြန်မာ့အလင်း)**



မိုင်းလားမြို့၏ ဖွံ့ဖြိုးတိုးတက်နေသော မြင်ကွင်း တစ်စိတ်တစ်ဒေသ။ (ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)



‘ဝ’ တိုင်းရင်းသားတို့နေထိုင်ရာ ဒေသတွင် အောင်မြင်ဖြစ်ထွန်းနေသော ဘိန်းအစားထိုးသီးနှံ ရော်ဘာစိုက်ခင်းများကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)

**ဩဂုတ် ၁၄ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို ၂၀၀၆ခုနှစ်အတွင်း ဒုတိယအကြိမ် မီးရှို့ဖျက်ဆီးခဲ့စဉ်။** (ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)



## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံး ပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ ခုနှစ် ဩဂုတ်လအတွက်**

**နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**

**၂၇-၈-၂၀၀၆ ရက်နေ့**

**၂၀၀၆ခုနှစ် စက်တင်ဘာလအတွက်**

**၁၀-၉-၂၀၀၆ ရက်နေ့ နှင့် ၂၄-၉-၂၀၀၆ ရက်နေ့**

## ● ရှေ့ဖုံးမှ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက်ကလေးသူငယ်ကင်ဆာရောဂါစောစီးစွာရှာဖွေဖော်ထုတ်ကုသရန် ငွေပဒေသာပင်စိုက်ထူရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)တို့၏ လှူဒါန်းငွေ ကျပ်ငါးသိန်းစီတို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးတို့၏ လှူဒါန်းငွေ ကျပ်တစ်သိန်းစီ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ လှူဒါန်းငွေကျပ် ငါးသောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ လှူဒါန်းငွေကျပ်တစ်သိန်းတို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်း လွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး မိသားစုက လှူဒါန်းငွေကျပ်တစ်သိန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် စခန်းရုံး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက လှူဒါန်းငွေကျပ် သုံးသိန်း၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်ဒေါ်နန်းလျို မိသားစုတို့က လှူဒါန်းငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာ ငွေးကြွယ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဇင်မာဦး၊ ကျိုင်းတုံခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့် အတွင်းရေးမှူး ဒေါက်တာတင်ရှိန်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ငွေပဒေသာပင် စိုက်ထူခြင်း အခမ်းအနားတွင် စုစုပေါင်း ငွေကျပ် နှစ်ဆယ့်ငါးသိန်း လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် အဆိုပါအထွေထွေရောဂါကုဆေးရုံကြီး အထူးကု ပြင်ပလူနာဌာနခန်းမ၌ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပူးပေါင်း၍ သက်ကြီးရွယ်အိုများအား သွေးတိုးရောဂါ၊ဆီးချိုရောဂါ ရှာဖွေဖော်ထုတ် ကာကွယ်ကုသခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

**ဆေးဝါးများလှူဒါန်း**

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များသည် သွေးတိုးနှင့် ဆီးချိုရောဂါဆိုင်ရာ ကျန်းမာရေး စစ်ဆေးမှုနှင့် ဆေးဝါးကုသမှု ခံယူလျက် ရှိကြသည့် ဒေသခံတိုင်းရင်းသား သက်ကြီးရွယ်အို အဘိုးအဘွား ၅၁ဦးတို့အားဆေးဝါးများနှင့်အာဟာရဖြည့် စားသောက်ဖွယ်ရာများကိုတစ်ဦးချင်းထံ ပေးအပ်လှူဒါန်းကြပြီး နောက်လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အဘိဓမ္မာပြန့်ပွားရေးအသင်း (၃၉)ကြိမ်မြောက် စာပြန်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၉)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း အာဂမ+သဘာဝ စာပြန်ပွဲကို ယနေ့နံနက် ၈နာရီက ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သီလရှင်များ ကြွရောက်တော်မူကြပြီး စာပြန်ကြမည့် ပုဂ္ဂိုလ်များ၊ အဘိဓမ္မာပြန်ပွားရေးအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များနှင့် အသင်းသားများ တက်ရောက်ကြသည်။

**ရွတ်ပွားချီးမြှင့်**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ပရိသတ်များက ရှစ်ပါး သီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ ဆရာတော်ကြီးက ဩဝါဒကထာချီးမြှင့်တော်မူပြီး (၃၉)ကြိမ်မြောက် အဘိဓမ္မာ (၇)ကျမ်း အာဂုံစာပြန်ပွဲကြီးကို ကျင်းပသည်။

**ဝင်ရောက်ဖြေဆို**

ယခုနှစ် စာပြန်ပွဲကြီးသို့ သံဃာတော် ၂၄၇ ပါး၊ သီလရှင် ၂၃၄ပါး၊ လူ ပုဂ္ဂိုလ် ၆၆ဦး စုစုပေါင်း ၅၄၇ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးတက်ရန် အင်ဒိုနီးရှားသို့ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၆

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျော့ဂျာကာတာမြို့၌ ဩဂုတ်၂၇မှ ၃၀ရက်အထိ ကျင်းပမည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်ခြောက်နိုင်ငံ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးနှင့် နှီးနှောဖလှယ်ပွဲတို့သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။** (အပေါ်ပုံ)

**ပို့ဆောင်နှုတ်ဆက်**

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ၏ မိသားစုများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါ**

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသူအောင်တို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၇-၈-၂၀၀၆ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ချောင်းမငယ်ရေလှောင်တမံ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ Yan Can Cook.
၁၁:၅၀ ၅။ မြန်မာရုပ်ရှင် **"အကြင်တို့လင်မယား"** သုမောင်၊ မေခလာ (ဒါရိုက်တာ-သာဓု)
၁၃:၄၅ ၆။ နောင်ရေးစိတ်အေးစေရာ ကျိုင်းတုံမြို့က ဘိုးဘွားရိပ်သာ
၁၃:၅၅ ၇။ တေးဂီတအစီအစဉ်
၁၄:၁၀ ၈။ အတီးပြိုင်ပွဲ
၁၄:၂၀ ၉။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ"** မောင်မောင်မြင့်၊ မအေးမြင့်၊ စိန်ဂွက်ထော်၊ မောင်မောင်မျိုးသန့် (ဒါရိုက်တာ- မောင်မောင်မြင့်)
၁၄:၃၅ ၁၀။ မန်းချောင်းတံတား
၁၄:၄၅ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ လက်ဆင့်ကမ်းအမွေ
၁၇:၂၀ ၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၅- ၂၀ နှစ်) (အမျိုးသမီး)
၁၇:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သီရိဂေဟာ
၁၉:၀၀ ၁၂။ Discovery
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမာန်ဆောင်းရဲ့နေ့ရက်များ"** (အပိုင်း-၂)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၁၄)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

**ဩဂုတ်၂၆ရက်က ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ၂၀၀၆ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး အခမ်းအနားကို အသင်းရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း အမှာစကားပြောကြားစဉ်။**

(မြန်မာ့အလင်း)



# မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အသိပညာပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၆**

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဦးဆောင်မှု၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မွန်ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ မော်လမြိုင်မြို့အတွင်း ယာဉ်မတော်တဆမှုလျော့နည်း ကျဆင်းစေရေး ရည်ရွယ်လျက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်မောင်းများ၊ ဆိုင်ကယ်စီးနင်းသူများအား သတိပေး၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးဟောပြောဆွေးနွေးခြင်းတို့ကို ဩဂုတ်၂၃ရက်မှစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(က-ပ)**

❒ ရှေ့ဖုံးမှ

## ရှင်းလင်းတင်ပြ

ထို့မှတစ်ဆင့် တိုင်းမှူးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လားရှိုးမြို့နယ် မန်ပျင်ကျေးရွာအနီးရှိ သတ္တုတွင်းဝန်ကြီးဌာန၏ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ကော်နာစတုန်းကုမ္ပဏီလီမိတက်တို့ ဖက်စပ်ဆောင်ရွက်လျက်ရှိသည့် မန်ပျင်သွပ် သတ္တုသန့်စင်စက်ရုံသို့ရောက်ရှိရာ စီမံကိန်းမန်နေဂျာ ဦးဆွေက စက်ရုံနှင့်ပတ်သက်သည်များကိုလည်းကောင်း၊ စက်ရုံလုပ်ငန်းမန်နေဂျာ မစ္စတာရော်ဂျာက သွပ် သတ္တုသန့်စင်မှုလုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးကတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ဖြန့်ဝေပေး

ထို့နောက် တိုင်းမှူးသည် လားရှိုးမြို့မှ ပြည်သူများအတွက် သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသည့် ပြည်ထောင်စု မြကန်သာ သဘာဝဥယျာဉ်အတွင်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဟန်က ရေကန်များ၌ ရေသိုလှောင်ထားရှိမှုနှင့် ရေဖြန့်ဝေဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## လိုအပ်သည်များမှာကြား

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး သဘာဝဥယျာဉ်အတွင်း အရိပ်ရသစ်ပင်၊ ပန်းမန်များ စိုက်ပျိုးထားရှိမှုနှင့် ရေကန် ၁၉ ဆင့်အတွင်း သောက်သုံးရေ သိုလှောင် ထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

(၁၄)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေ၆နာရီက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် သူရမောင်သိန်းခန်းမ၌ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ မင်္ဂလာဒုံ တပ်နယ်မှူး ဗိုလ်မှူးချုပ်ရဲချစ်ဖေ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး၊အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မြန်မာနိုင်ငံလက်ဝှေ့ အဖွဲ့ချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ မြန်မာနိုင်ငံပြည်သူ့ ရဲတပ်ဖွဲ့နှင့် မြို့တော် စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် အသင်းခုနစ်သင်းတို့မှ အုပ်ချုပ်သူနှင့် အားကစားသမားများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ သတ်မှတ်ဝိတ်တန်းအလိုက် ဗိုလ်လုပွဲယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သတ်မှတ်ဝိတ်တန်းအလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က တံခွန်စိုက်ဒိုင်းဆုကြီးကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယှဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယှဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။



(၁၄)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော် တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ရွှေစည်းခုံစေတီ ရွှေသင်္ကန်းကပ်လှူရန် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၆**

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲအတွက် သဃ်န်းကျွန်းမြို့ သုမင်္ဂလာအိမ်ရာနေ ဗိုလ်မှူးကြီးတင်ဦး-ဒေါ်ခင်မေသန်းမိသားစုက ငွေကျပ် ၅၀၀၀၀**(အောက်ပုံ)**၊ ဦးမျိုးမြင့်အောင်-ဒေါ်ခင်မေသန်းမိသားစုက ငွေကျပ် ၂၁၀၀၀၊ ဦးညီညီ- ဒေါ်တင်ဝင်းဝင်းသန်းမိသားစုက ငွေကျပ် ၁၆၀၀၀၊ ကမာရွတ်မြို့နယ် (၁၁)ရပ်ကွက် ဓမ္မာရုံလမ်းနေ ဦးစံတင်- ဒေါ်ခင်တိုးမိသားစုက ငွေကျပ် ၁၆၀၀၀၊ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် သမာဓိလမ်းနေ ဦးကောင်းရင်-ဒေါ်အေးမြင့်မိသားစုက ငွေကျပ် ၃၂၀၀၀၊ အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် အောင်ဇေယျလမ်းနေ ဦးစိန်မောင်- ဒေါ်မြရင် သမီး မစုစုဝင်း မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဒဂုံမြို့နယ် ရဲတပ်ဖွဲ့မှဦးဝင်းနိုင်-ဒေါ်အောင်မြကြွယ် သားမောင်ဝင်းထွဋ်အောင် မိသားစုက ငွေကျပ် ၁၆၀၀၀၊ ရွှေပြည်သာမြို့နယ် ဗိုလ်ချုပ်လမ်းနေ ဒုတိယဗိုလ်မှူးကြီးမြဦး(ငြိမ်း)-ဒေါ်တင်မေ မိသားစုက ငွေကျပ် ၁၆၀၀၀ကို ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ရုံး စုပေါင်းရုံး အင်းစိန် ဖုန်း- ၆၄၀၄၈၇၊ ၆၄၀၄၈၉သို့ လာရောက်လှူဒါန်းရာ ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့ကိုယ်စား ဆီမီး ၉၉၀၀အဖွဲ့ နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ အမှုဆောင်များကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရွှေစည်းခုံဘုရားကြီးပုံတော်များ ပြန်လည်ပေးအပ်သည်။

**(၀၄၆)**



☆ ကျောဖုံးမှ

တည်ဆောက်ပြီးအဆောက်အအုံများ၌ ပညာသင်ကြားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးပြီး တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များနှင့် အသစ်ဆောက်လုပ်လျက်ရှိသော နှစ်ထပ်စာသင်ဆောင်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၁၇ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် အစိုးရနည်းပညာကောလိပ်(စစ်တွေ)သို့ သွားရောက်ရာ ကျောင်းအုပ်ကြီး ဒေါက်တာမျိုးသူဝင်းက ပညာသင်ကြားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး၍ ကောလိပ်အတွင်း ပညာသင်ကြားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သုတဘဏ်စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော သုတဘဏ်စာတမ်းဖတ်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ(ဒုတိယထပ်) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး၌ ကျင်းပသည်။**

အဆိုပါ စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ) နှင့် ဦးသန်းမောင် (သန်းမောင်)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်များ၊ အထူးဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

## မိတ်ဆက်စကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့်(မောင်ဆုရှင်)က စာတမ်းနှင့်စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် စာတမ်းရှင် ဦးအေးချို(မဟာဝိဇ္ဇာ)က **"၁၈၈၅ခုနှစ် အထိ မြန်မာအက္ခရာနှင့် ပုံနှိပ်ထုတ်ဝေခဲ့သောစာအုပ်များ"** စာတမ်းကို ဖတ်ကြားတင်ပြပြီး သိလိုသည်များကို ပြန်လည် ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးတင်ခ (တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ရုံးသို့ Top English မဂ္ဂဇင်းမှ ဆရာဝီလျံ (မိုးထက်မြင့်) နှင့် ဇနီးမိသားစုတို့က ၂၀၀၆ ခုနှစ် ဩဂုတ်လမှ ၂၀၀၇ခုနှစ် ဩဂုတ်လအထိ တစ်နှစ်စာ မဂ္ဂဇင်းစာအုပ် လှူဒါန်းရာ မြို့နယ်ပြန် /ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုလတ်က လက်ခံယူစဉ်။**

(မြို့နယ် ပြန်/ဆက်)



**ဩဂုတ် ၂၆ရက်က စမ်းချောင်းမြို့နယ် အမှတ်(၁၃) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်း၌ ကျင်းပရာ တတိယတန်းမှ ပထမဆုရရှိသူ မသဉ္ဇာထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်အေးက ဆုချီးမြှင့်စဉ်။**

(မြို့နယ် ပြန်/ဆက်)



# စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်

# မြဝတီခရိုင် စစ်မှုထမ်းဟောင်း သားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

မြဝတီခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ်အတွက် အဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၁၀ရက်နံနက်ပိုင်းတွင် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးက အမှာစကားပြောကြားပြီး ထောက်ပံ့ငွေပေးအပ်ပွဲကိုကျင်းပရာ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူ၅၅ဦးတို့အတွက် ငွေကျပ် ၃၃၀၀၀၀ကို မြဝတီခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးက လည်းကောင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသူကျောင်းသား၁၂၄ ဦးတို့အတွက် ငွေကျပ်၅၅၃၀၀၀ကို မြဝတီခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးစိုးပိုင်မြင့်(ငြိမ်း)က လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အငြိမ်းစားတို့ စကားဝိုင်း(၁၉)

ဟန်နီးမြင့်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၆)ကို ၂၀၀၆ခုနှစ် ဇူလိုင်လ ၂၈ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်၍ အမှာစကား ပြောကြားခဲ့ကြောင်း တွေ့ရသည်။

ဝန်ကြီးချုပ်၏ အမှာစကားအရ လည်းကောင်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြချက်အရလည်းကောင်း၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ရှေးရှုဦးတည် ဆောင်ရွက်နေမှုများကို သိရှိခဲ့ရသည်။

ထိုကိစ္စနှင့် ဆက်စပ်၍ ကျွန်တော်တို့ အငြိမ်းစားများ ဆုံမိကြချိန်တွင် စကားဝိုင်းဖွဲ့မိကြသည်။

'နတလလုပ်ငန်းကော်မတီရဲ့ ညှိနှိုင်းအစည်းအဝေးသတင်းကို ဖတ်ပြီးကြပြီလား'

'ငါကတော့ ဇူလိုင် ၂၈ ရက်နေ့ ရုပ်မြင်သံကြားသတင်းမှာ ကြည့်လိုက်ရတယ်။ နောက်နေ့သတင်းစာမှာလဲ ဖတ်လိုက်ရတယ်'

'ဒို့သုံးယောက်ကတော့ တရားစခန်းဝင်နေလို့ မသိလိုက်ဘူးဟ။ ဘာတွေများထူးခြားတာပါလဲ၊ ပြောကြစမ်းပါဦး'

'ထူးခြားတယ်၊ မထူးခြားဘူးဆိုတာထက် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးတွေအတွက် ဘယ်လိုရည်ရွယ်ချက်ထားပြီး ဘာတွေဘယ်လို လုပ်ဆောင်ပေးနေတယ်၊ အောင်မြင်မှုဘယ်လောက်ရနေတယ်ဆိုတာတွေ အပြည့်အစုံလိုလို သိလိုက်ရတာပဲ'

'ဟုတ်တယ်ဟ၊ ငါလဲအရင်ကတော့ တိုင်းရင်းသားတွေဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက လုပ်ဆောင်ပေးနေတယ်၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်ပြီး မူဝါဒတွေချမှတ်ပေးတယ်၊ နိုင်ငံတော်အနေနဲ့ ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီကိုဖွဲ့စည်းပြီး လမ်းညွှန်အကောင်အထည်ဖော်နေတယ်ဆိုတာလောက်ပဲ အကြမ်းဖျင်းသိထားတယ်၊ ဘာတွေကို ဘယ်လိုလုပ်ပေးနေသလဲ ဆိုတာကိုတော့ အခုမှပဲ ဂဃနဏ သိလာရတယ်'

'အရင်ကတည်းက လုပ်ဆောင်ချက်တွေကို သတင်းထဲမှာပါပါတယ်၊ အခုလို အပြည့်အစုံကို ဒို့သတိမထားမိလို့ မသိခဲ့တာပါ'

'ငါ့အနေနဲ့ အမှန်ကိုပြောရရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက ဘယ်လောက်အရေးကြီးတယ်၊ လက်ရှိအခြေအနေမှန်တွေ ဘယ်လိုရှိနေတယ်၊ ဘာတွေလုပ်ကိုင်ပေးသင့်တယ်ဆိုတဲ့ အခြေခံအကြောင်းရင်းတွေကို တပ်မတော်သားတစ်ယောက်မို့ ပိုသိတယ်၊ အဲဒီလိုပြောရတာကလဲ ဒို့တပ်မတော်သားတွေက နယ်စပ်ဒေသအနှံ့မှာ တိုင်းရင်းသားအားလုံးရဲ့အကြားမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ကြရလို့ပဲ'

'အေးဟ၊ တပ်မတော်အစိုးရလက်ထက်မှာ အခြေခံအကျဆုံး၊ အရေးကြီးဆုံးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ရှေးရှုပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပထမဦးဆုံးဦးစားပေး အကောင်အထည်ဖော်ခဲ့တာ တွေ့ရတယ်'

'မှန်တယ်လေ၊ တပ်မတော်အကြီးအကဲတွေကိုယ်တိုင် နယ်စပ်ဒေသ တိုင်းရင်းသားတွေရဲ့ အခြေအနေမှန်တွေကို ကိုယ်တိုင်တွေ့ကြုံခဲ့ဖူးတဲ့သူတွေပီပီ အခုလို လုပ်ပေးနိုင်တဲ့အခြေအနေမှာ ဦးစားပေး အကောင်အထည်ဖော်ခဲ့တာပေါ့'

'အဲဒီလိုမှန်ကန်တဲ့ အမြင် အတွေးတွေနဲ့ လက်တွေ့ကျကျ လုပ်ဆောင်ပေးခဲ့လို့ အခုလိုတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နဲ့ အဖွဲ့ငယ်အများအပြား ငြိမ်းချမ်းရေးရယူပြီး ဥပဒေဘောင်အတွင်း ရောက်လာတာပါလို့ ဆိုရမှာပါ'

'နယ်စပ်ဒေသနယ်မြေတွေ အေးချမ်းလာတာနဲ့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်မှုတွေဟာ အရှိန်အဟုန်ကောင်းကောင်းနဲ့ အောင်မြင်ဖြစ်ထွန်းလာတာ အားလုံးအမြင်ပဲ'

'တိုင်းရင်းသားအဖွဲ့တွေနဲ့ ပြည်သူတွေကပါ ဝိုင်းဝန်းလက်တွဲတည်ဆောက်ခဲ့ကြလို့ ပိုမိုအောင်မြင် ဖွံ့ဖြိုးတိုးတက်လာတယ်လို့လဲ ဆိုရမယ်'

'မှန်တာပေါ့၊ ဒါကြောင့်လဲဝန်ကြီးချုပ်က နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းစတင်ခဲ့တဲ့ ၁၉၈၉ ခုနှစ်ကနေ ဒီနေ့အထိ ၁၇ နှစ်တာ သက်တမ်းကာလအတွင်း ရည်မှန်းတာထက် ပိုမိုအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ဒီလိုအောင်မြင်လာတာက နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်ပြီး မှန်ကန်တဲ့မူဝါဒ ချမှတ်ပေးနိုင်လို့၊ လက်တွေ့အကောင်အထည်ဖော်သူတွေကလဲ ကြိုးပမ်းခဲ့ကြလို့အပြင် ဒေသခံတိုင်းရင်းသားအဖွဲ့တွေနဲ့ ပြည်သူတွေကပါ လက်တွဲပူးပေါင်းလုပ်ဆောင်ခဲ့ကြလို့ အောင်မြင်တာဖြစ်ကြောင်း ပြောသွားတာ တွေ့လိုက်ရတယ်'

'ဒို့နိုင်ငံမှာ လွတ်လပ်ရေးနဲ့အတူပါလာတဲ့ သောင်းကျန်းမှုဒဏ်ကြောင့် ဒေသခံပြည်သူတွေ၊ အထူးသဖြင့် နယ်စပ်ဒေသနေ ပြည်သူတွေရဲ့ လူနေမှုဘဝတွေ အများကြီး ကျဆင်းခဲ့ရတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနဲ့ စီးပွားရေးပါမကျန် ဘာတစ်ခုမျှ တိုးတက်ကောင်းမွန်လာတာမရှိဘူး၊ ဆုတ်ယုတ်သွားတာပဲရှိတယ်။ ပိုဆိုးတာက လုံခြုံမှုပါကင်းမဲ့နေပြီး ကျီးလန့်စာစားနေရတဲ့အဖြစ်ပဲ။ အခုတော့ အစစအရာရာမှာ ဖွံ့ဖြိုးတိုးတက်လာနေတာ ဒို့အားလုံးအမြင်ပဲ မဟုတ်လား'

'ဝန်ကြီးချုပ်ရဲ့အမှာစကားအရ နိုင်ငံတော်အပိုင်းက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီနေ့အထိ ကျပ်သန်းပေါင်း ၈၄၇၅၀ ကျော်သုံးစွဲခဲ့ပြီး ဖြစ်တယ်လို့သိရတယ်။ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍမှာဆိုရင် မြေလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်း အသစ်ဖောက်လုပ်ခဲ့တာ မိုင်ပေါင်း ၅၉၁၁ မိုင်ရှိတယ်။ ယခင်ရှိပြီးသားလမ်းဟောင်း ၃၃၉၆မိုင်ကို အဆင့်မြှင့် ထိန်းသိမ်းပြုပြင်ပေးခဲ့တယ်။ တံတားကြီး ၇၀ ၊ တံတားငယ် ၉၇၅ စင်း၊ ကြိုးတံတား ၃၉စင်း တည်ဆောက်ပေးခဲ့တယ်လို့ သိရတယ်'

'နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းမှာလဲ မူလတန်းကျောင်း ၈၅ ကျောင်း၊ အလယ်တန်းကျောင်း ၉၀ ၊ အထက်တန်းကျောင်း ၉၂ ကျောင်း အသစ်ဖွင့်လှစ်ပေးထားတယ်။ လူငယ်တွေစရိတ်ငြိမ်းပညာသင်နိုင်အောင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ'ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း၂၇ကျောင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးထားတယ်လို့ပါတယ်'

၁၉၈၈ ခုနှစ်က နယ်စပ်ဒေသမှာ ကျောင်းသားတစ်ထောင်ကျော်သာရှိခဲ့ပေမယ့် ပြီးခဲ့တဲ့ စာသင်နှစ်မှာ ကျောင်းသားပေါင်း ၁၇၀၉၂၀ ရှိတယ်လို့ သိရတယ်။ ၅၇၄ ဦး ဘွဲ့ဒီဂရီတွေရလို့ လုပ်ငန်းခွင်တွေမှာ တာဝန်ထမ်းဆောင်နေပြီး ထူးချွန်သူတွေလဲ မဟာသိပ္ပံ၊ဝိဇ္ဇာသင်တန်းတွေ၊ B.Tech, B.E, M.E တွေ ဆက်တက်နေကြတယ်လို့သိရတယ်'

'သက်မွေးပညာအနေနဲ့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း ၃၄ ကျောင်းဖွင့်ပြီး စရိတ်ငြိမ်း သင်ကြားပေးနေသလို နယ်စပ်ဒေသတွေမှာလဲ ပန်းရန်၊ လက်သမား၊ စက်ပြင် စတဲ့ ကျောင်းတွေ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနေတယ်လို့ သိရတယ်'

'ကျန်းမာရေးကဏ္ဍမှာလဲ ၁၉၈၈ခုနှစ်က ဆေးရုံ ရှစ်ရုံ၊ ဆေးပေးခန်း ခြောက်ခန်းသာရှိခဲ့ရာမှ အခုဆေးရုံ ၇၉ ရုံ၊ဆေးပေးခန်း ၁၀၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ ၁၄၀ ဖွင့်လှစ်ပေးထားပြီး ဖွံ့ဖြိုးရေးဒေသကြီးတွေမှာလဲ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံတွေ ဖွင့်လှစ်ပေးထားတယ်လို့ သိရတယ်'

'စိုက်ပျိုးရေးအတွက် နယ်စပ်ဒေသတွေမှာ စိုက်ပျိုးရေးရုံးနဲ့ စခန်းတွေ၊ ထွန်စက်စခန်းတွေ ဖွင့်လှစ်ပေးထားတယ်။ အသေးစားဆည်နဲ့ တူးမြောင်းတွေလုပ်ပေးထားတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်အစား ကုန်းမြင့်လယ်ယာတွေ၊ မြေပြန့်မှာ လယ်ယာမြေအသစ်တွေ ဖော်ထုတ်ပေးထားတယ်။ နှစ်ရှည်သီးနှံစိုက်ခင်းကြီးတွေလဲ ဖြစ်ထွန်းနေပြီ'

'ရုပ်မြင်သံကြားမှာ လက်ဖက်စိုက်ခင်း၊ ရော်ဘာစိုက်ခင်းစတဲ့ နှစ်ရှည်စိုက်ခင်းတွေမြင်ရတာ အားရစရာပဲ'

'အေးကွာ၊ စိုက်ပျိုးမွေးမြူရေးရော၊ ကျန်တဲ့ကဏ္ဍတွေမှာရော တော်တော်များများ ဘက်စုံကိုလုပ်ပေးထားတယ်။ အသေးစိတ်သိချင်ရင်တော့ ဇူလိုင်၂၉ရက်နေ့ သတင်းစာသာ ရှာဖတ်တော့ကွာ'

'နိုင်ငံတော်က ကဏ္ဍစုံမှာ လူမှုစီးပွားရေးအခြေခံအဆောက်အအုံတွေကို အများအပြား တည်ဆောက်ပေးထားတာပဲဟ။ ဒါမှ အပြောမဟုတ်တဲ့ လက်တွေ့လုပ်ပြနေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လုပ်ငန်းတွေလို့ ဆိုရမှာပဲ'

'နိုင်ငံတော်အနေနဲ့ နယ်စပ်ဒေသနဲ့တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ဦးစွာ အကောင်အထည်ဖော်ပေးခဲ့တယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ အရှိန်အဟုန်ရလာတဲ့အခါမှာ ပြည်ထောင်စုကြီးရဲ့ နယ်မြေအစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုကို ဆက်လက်အကောင်အထည်ဖော်ရင်း ပြည်သူအများစု ပြန့်ကျဲနေထိုင်ကြတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို တစ်ဆက် တစ်စပ်တည်း အကောင်အထည်ဖော်ဆောင်ရွက်နေတာ တွေ့ရတယ်'

'ဒေသတစ်ခုနဲ့တစ်ခု တိုးတက်ဖွံ့ဖြိုးမှု မကွာဟအောင် တစ်ပြေးညီကြားကွက်လပ်မကျန် တိုးတက်အောင် အခုလိုမူဝါဒတွေ၊ စီမံကိန်းတွေ ချမှတ်ပြီး စနစ်တကျလုပ်ဆောင် အကောင်အထည်ဖော်နေလို့လဲ သိသာထင်ရှားတဲ့ အောင်မြင်မှုတွေကို မျက်မြင်တွေ့နေရတာပေါ့'

'ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ထားတယ် မဟုတ်လား။ အခုလုပ်ဆောင်နေတာ (၅)ရပ်မကတော့ဘူး၊ ကျေးလက်စာကြည့်တိုက်နဲ့ ကျေးရွာမီးလင်းရေးအတွက်ပါ လုပ်နေတာတွေ့ရတယ်။ ကျေးရွာတိုင်းမှာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွေ ထူထောင်ပြီးတာကိုလဲ တွေ့နေရပြီ။ ရွာတိုင်းမီးလင်းရေးကိုလဲ နည်းမျိုးစုံနဲ့ ကြိုးပမ်းနေကြလေရဲ့၊ တချို့ရွာတွေလဲ မီးလင်းနေတာတွေ့ရပြီ'

'တိုင်းနဲ့ပြည်နယ်အနှံ့မှာ ကဏ္ဍစုံ အခြေခံအဆောက်အအုံတွေ တည်ဆောက်ထားတာ နည်းမှမနည်းဘဲ၊ အောင်မြင်မှုတွေလဲ လူတိုင်းမျက်မြင်တွေ့နေရတာပဲ၊ ဆက်လက်ပြီးတော့လဲ တည်ဆောက်နေကြတာတွေ ဒို့အားလုံးအမြင်ပဲလေ'

'အခုလို နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံလိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို တစ်နိုင်ငံလုံးမှာ တည်ဆောက်ထားတာ ကုန်ကျငွေနည်းမှ မနည်းဘဲ၊ ဒီငွေတွေရအောင် နိုင်ငံတော်အစိုးရအနေနဲ့ အတားအဆီးနဲ့အပိတ်အဆို့တွေကြားကနေ ဘယ်လောက်ကြိုးစားလုပ်ဆောင်ရသလဲဆိုတာ စဉ်းစားကြည့်တာနဲ့ အဖြေပေါ်ပါတယ်'

'နိုင်ငံတော်အစိုးရကို မကောင်းမြင်ဝါဒနဲ့ ဆန့်ကျင်နေကြတဲ့ အဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပအဖျက်သမားတွေကတော့ အစိုးရအပေါ် စီးပွားရေးအရပိတ်ဆို့၊ ကုန်သွယ်ရေးအရပိတ်ဆို့၊ ရင်းနှီးမြှုပ်နှံမှုအရပိတ်ဆို့၊ ခရီးသွားများ မလာရရေးအတွက် ပိတ်ဆို့ဖို့ပဲ တောင်းဆိုလုပ်နေကြတာ တွေ့ရတယ်။ နိုင်ငံနဲ့လူမျိုးကောင်းစားမှာ၊ ဖွံ့ဖြိုးတိုးတက်မှာကို လုံးဝမမြင် မတွေ့လိုကြတဲ့ လူတွေပဲ။ ပြည်သူလူထုစိတ်မချမ်းသာမှု၊ ဘေးကျပ်နံကျပ်တွေ့မှ လက်ခုပ်တီး ဝမ်းသာနေကြမယ့်သူတွေအပေါ် ငါတော့ လုံးဝကိုစိတ်ပျက်နေပြီကွာ'

'ဒို့အားလုံးလဲ ဒီအတိုင်းပါပဲဟ၊ အဲဒီ တစ်ဖက်စွန်းရောက်နေတဲ့သူတွေ၊ ငတေမာရင် ပြီးရောဆိုတဲ့ လူသားမဆန်တဲ့သူတွေ၊ လောကီအမြင်၊ လောကုတ္တရာအမြင်၊ ဘာအမြင်နဲ့ပဲကြည့်ကြည့် အခုရော၊ နောင်သံသရာမှာပါ သူတို့ရဲ့မကောင်းမှုဒဏ်ကို သူတို့ပဲ တန်ပြန်ခံရမှာပါ'

'သူတို့ခဏခဏပြောနေတာ မှတ်မိသေးတယ်၊ နိုင်ငံတော်အတွက် ငွေတွေရရင် စစ်ဗိုလ်တွေနဲ့ သူတို့အသိုင်းအဝိုင်းသာ ခံစားရမှာဆိုပဲ။ ပြည်သူလူထုခံစားရမှာမဟုတ်လို့ ဒီမိုကရေစီအစိုးရ ပေါ်ပေါက်မှပဲ ထောက်ပံ့ကူညီကြပါ၊ ပိတ်ဆို့မှုတွေဖွင့်ပေးကြပါလို့ ဆိုတယ်မဟုတ်လား။ ဘယ်လောက်များ အမြင်ကျဉ်းမြောင်း သေးသိမ်ကြသလဲဆိုတာ မြင်သာပါတယ်။ နိုင်ငံကောင်းစားရေးအတွက် နိုင်ငံရေးလုပ်နေကြသတဲ့လေ၊ ဆန်ကောလောက်မှ ဇောက်မနက်တဲ့သူတွေ၊ နိုင်ငံအတွက် ဆန်ကုန်မြေလေးတွေလို့ပဲ ပြောလိုက်ချင်ပါတယ်'

'ဒို့ပြည်သူတွေလဲ အမှားနဲ့အမှန်၊ အဆိုးနဲ့အကောင်း၊ အပြုနဲ့အဖျက်ကို ကွဲကွဲပြားပြားမြင်နေကြပါပြီ။ သပ်လျှိုသွေးခွဲလုပ်ကြံဖန်တီးပုံကြီးချဲ့မှုတွေကလဲ အပ်ကြောင်းထပ်လို့ ရိုးနေကြပါပြီ'

'ဒါပေမယ့် မုသာဝါဒ ပြည်ပမီဒီယာတွေက သတင်းတစ်ခုအပေါ်မှာ သူတို့လိုရာကိုဆွဲပြီး လွှင့်တာတို့၊ မဟုတ်နိုင်မှန်းသိသာပေမယ့် ထင်ယောင်ထင်မှားဖြစ်အောင်လွှင့်တာတို့၊ အမှန်နဲ့အမှားသတင်းကို ရောလွှင့်လိုက်တာတို့၊ သူတို့လိုလားတဲ့အချက်ဆိုရင် အခါအခွင့်သင့်တိုင်း ထည့်သွင်းလွှင့်တာတို့ နည်းမျိုးစုံပဲ၊ နားထောင်သူတွေက ဆင်ခြင်နိုင်ဖို့လိုသလို တာဝန်ရှိသူတွေ၊ ဒို့မီဒီယာသမားတွေကလဲ လိမ္မာပါးနပ်စွာနဲ့ ချက်ချင်းတုံ့ပြန်ရမှာတွေကို ချက်ချင်းတုံ့ပြန်၊ အချိန်အခါအလိုက် တုံ့ပြန်ရမှာတွေကို အလျဉ်းသင့်သလိုတုံ့ပြန်ကြဖို့တော့ လိုမယ်'

'အမှောင်ကိုခွင်းလို့ အလင်းကိုဆောင်နိုင်မယ့် မင်းတို့စာပေသမားတွေကလဲ အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်ဘက်က ရပ်တည်ပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကနေ ပြည်သူတွေကိုဆင်ခြင်နိုင်ကြစေဖို့၊ အမှန်ကိုမြင်တွေ့နိုင်ကြစေဖို့ အမြဲရေးသားကြဖို့ လိုမယ်'

'အေးလေ၊ အခုသတင်းစာအပြင် ဂျာနယ်၊ မဂ္ဂဇင်းတွေမှာပါ သတင်းတွေ၊ ဆောင်းပါးတွေ ရေးသားဖော်ပြနေကြပါပြီ'

'နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးက ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေးနဲ့ဆက်စပ်နေသလို၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လဲ အဓိကအကျဆုံးဖြစ်တာမို့ ဝန်ကြီးချုပ်ရဲ့ မှာကြားချက်ထဲက နိဂုံးချုပ်မှာ ပြောသွားတာလေးတွေကို ပြန်ပြောရရင် **'သာမန်ပြည်သူတွေအားလုံး လူမှုစီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာနေပြီကို ပီတိဖြစ်နေရုံဖြင့် မလုံလောက်သေးကြောင်း၊ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်များအပေါ်အခြေခံပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်နေသေးတဲ့ နယ်စပ်ဒေသများမှာ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြစ်ထွန်းတိုးတက်လာအောင် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း'**လို့ တိုက်တွန်းပြောကြားသွားတယ်'

'မှန်တာပေါ့ဟ၊ အရှိန်အဟုန်ကိုမြှင့်တင်ပြီး ပိုမိုတိုးတက်အောင်မြင်အောင် လုပ်နိုင်တာနှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုလဲ ပိုမိုခိုင်မာလာမှာပဲ၊ အဲဒီကမှ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို စဉ်ဆက်မပြတ် ပျိုးထောင်ပွားများ ခိုင်မာလာစေမှာပဲလေ'

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ သံဃာတော်များ ဆေးပဌာန်းလှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

**မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ဆံတော်ရှင် သမိုင်းဝင် ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂၁)ကြိမ်မြောက် ဆေးပဌာန်းလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက် မွန်းလွဲ ၁ နာရီက ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

**ရှစ်ပါးသီလခံယူ**

အခမ်းအနားတွင် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ရှိ ဝဲပုံ့စာသင်တိုက် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဩဝါဒါစရိယ အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိဇယာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု တိပိဋက ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သီလရှင်များအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း ဇနီးဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်များနှင့်အလှူရှင်များက ဝတ္ထုဆေးပစ္စည်းစုံဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)**

**တန်ဖိုးသိန်း ၁၆၀ ကျော်**

(၁၂၁)ကြိမ်မြောက် ဆေးပဌာန်းလှူဒါန်းပွဲတွင် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်ရှိ ကျောင်းပေါင်း ၁၀၈ ကျောင်းမှ နာယကဆရာတော်နှင့် ဆရာတော် သံဃာတော်များ၊ သီလရှင်စုစုပေါင်း အပါး ၄၀၀၀ ကျော်တို့အား ဆေး ပစ္စည်းစုံ ဝတ္ထုလှူဖွယ်ပစ္စည်းများ အပါအဝင် တန်ဖိုးကျပ်သိန်း ၁၆၀ ကျော်ဖိုး ဆက်ကပ်လှူဒါန်းကြသည်။ **(၁၆၈)**

# အောင်စကြာဆရာတော်တရားတော်ဟောကြားမည်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံရင်ပြင်တော် သောကြာထောင့် ဆံတော်တွင်းတန်ဆောင်း၌ လည်းကောင်း၊ စက်တင်ဘာ ၁၊၂ရက်ညများတွင် ဟင်္သာတမြို့ လယ်တီကွင်းရပ်ကွက် မေဃဝတီ ပရိယတ္တိစာသင်တိုက်၌လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**ရန်ကုန်မြို့ လသာမြို့နယ် ၂၄ လမ်း အမှတ် ၆၉ နေဖခင် ဦးမောင်စိန်အား ရည်စူး၍ မိခင် ဒေါ်မြသိန်း အသက်(၈၀) ပြည့် မွေးနေ့အဖြစ် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဒုတိယဥက္ကဋ္ဌဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**(က-ပ)

**စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

'နယ်စပ်ဒေသဝန်ကြီးပြောကြားချက်ထဲမှာ မူးယစ်ဆေးဝါးပပျောက်ရေးနဲ့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများမှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပါလာတာတွေ့ရတယ်၊ UNDP၊ WFP၊ UNHCR၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့နဲ့ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ခဲ့တာ၊ ဖော်နေတာတွေ တွေ့ရှိရတာ ဝမ်းသာစရာပဲ'

'အေး၊ အဲဒီအဖွဲ့တွေရဲ့အမေရိကန်ဒေါ်လာနဲ့ ငွေသားထည့်ဝင်ငွေကလဲမနည်းဘူး၊ ဒို့လဲအခုမှပဲ ကိန်းဂဏန်းနဲ့တကွသိရတော့တယ်'

'နိုင်ငံရေးမပါ၊ သဘောထား မှန်မှန်ကန်ကန်နဲ့ ကူညီပံ့ပိုးနေကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့လုပ်ငန်းတွေမှာ ဘာပြဿနာမှ မရှိဘဲ အောင်အောင်မြင်မြင်နဲ့ အဆင်ပြေပြေ ပူးပေါင်းလုပ်ဆောင်နိုင်တယ်ဆိုတာ ထင်ရှားတဲ့သာဓကလို့ ဆိုရမှာပဲ'

'နယ်မြေအေးချမ်းနေတဲ့ နယ်စပ်ဒေသတွေမှာ အခုလိုဖွံ့ဖြိုးတိုးတက်မှုတွေကို မြင်တွေ့ကြားသိနေရတာ အလွန်ဝမ်းသာစရာသတင်းကောင်းတွေပဲ၊ ဒါပေမယ့် နယ်စပ်သုံးနေရာကွက်ကွက်လေးမှာ လက်နက်ကိုင်သောင်းကျန်းသူ အနည်းအကျဉ်းကျန်နေသေးလို့ ဖွံ့ဖြိုးတိုးတက်ဖို့ မလုပ်ဆောင်နိုင်သေးတာကိုတော့ စိတ်မကောင်းစရာပဲဟေ့'

'အဲဒီလက်ကျန် လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့တွေလဲ အမြင်မှန် အတွေးမှန်၊ အလုပ်မှန်ကြဖို့လိုပါပြီ၊ နယ်မြေအေးချမ်းလို့ ချက်ချင်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာနေတာတွေကို အားကျနမူနာယူ ဖို့ကောင်းပါပြီ၊ နိုင်ငံတော်အစိုးရရဲ့ စေတနာမှန်မှန်နဲ့ လုပ်ဆောင်ပေးနေမှုတွေကိုလဲ အမှန်ကို အမှန်အတိုင်းမြင်ကြဖို့ ကောင်းပါပြီ၊ အေးချမ်းမှုကို မလိုလားတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ သွေးဆောင်ဖြားယောင်း ပေးကမ်းစွန့်ကြဲ ထောက်ပံ့မှုတွေအပေါ် သာယာမနေသင့်တော့ပါဘူး'

'သူတို့လုပ်နေတာက ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကောင်းစားရေးအတွက်ဆိုပြီး ရည်မှန်းလုပ်ဆောင်နေကြတာပဲ၊ တကယ် ဖြစ်နေတာက နှစ်ပေါင်းမြောက်မြားစွာ အဲဒီနယ်မြေ၊ အဲဒီဒေသ၊ အဲဒီက ပြည်သူတွေပဲ အမှန်တကယ် နစ်နာနေကြတာ၊ ဒုက္ခရောက်နေကြရတာတွေကို အမှန်အတိုင်းမြင်ကြဖို့ ကောင်းပါပြီ၊ အမြန်ဆုံးလဲ ဥပဒေဘောင်အတွင်းကို ဝင်လာကြဖို့ သင့်ပါပြီ'

'အမှန်လမ်းကို ရဲရဲဝံ့ဝံ့ လျှောက်လှမ်းလာကြမယ်ဆိုရင် တိုင်းရင်းသား ပြည်သူအားလုံးက နိုင်ငံတော်အစိုးရနဲ့အတူ ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုနေကြမှာပါ'

ထိုသို့ စကားဝိုင်းဖွဲ့ခဲ့ရာမှ စကားဝိုင်းအပြီး အိမ်အပြန်လမ်းတွင်မူ နယ်မြေအေးချမ်းလာ၍ သိသိသာသာကြီး ဖွံ့ဖြိုးတိုးတက်လာနေမှုကြောင့် ဝမ်းသာပျော်ရွှင်နေကြသော ထိုဒေသများရှိ တိုင်းရင်းသားများ၊ ယနေ့ထက်တိုင်အောင် အမြင်မှား၊အတွေးမှား၊ အလုပ်မှားနေပြီး ပြည်တွင်းပြည်ပ အဖျက်သမားများ၏ သွေးဆောင်ဖြားယောင်းမှုအောက်တွင် သာယာနေကြသော၊ လက်ကျန် သောင်းကျန်းသူများကြောင့် နယ်မြေမအေးချမ်းသဖြင့် ဒုက္ခမျိုးစုံကို ခါးစည်းခံနေကြရသော ထိုဒေသရှိ တိုင်းရင်းသားများကို မြင်ယောင်နေခြင်းနှင့်အတူ ကျွန်တော်၏ စိတ်ဆန္ဒတွင် နယ်စပ်ဒေသများအားလုံး အမြန်ဆုံးအေးချမ်းသာယာပါစေ၊ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ကောင်းကောင်းဖြင့် အမြန်ဆုံးတိုးတက်ဖြစ်ပေါ်လာပါစေဟုသာ ဆန္ဒပြုနေမိပါတော့သည်။ ။

# ဆေးဖက်ဝင်သစ်ခွမျိုးများမှ ရောင်းတန်းဝင်မျိုးများ ဦးစားပေး လုပ်ငန်းတွင်ကျယ်ပြီး ပေါ့ပါးခိုင်ခံ့လွယ်ကူသည့် စက်ကိရိယာများထုတ်လုပ်

နေပြည်တော် ဩဂုတ် ၂၆

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၉ ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဒိုးကွင် စိုက်ပျိုးရေးခြံသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာက ဆေးဖက်ဝင် သစ်ခွမျိုးများနှင့် ငှက်ဖျားဖြတ်ဆေးပင် (အာတီးမီးစီးယား) စိုက်ခင်း၊ ကညွတ်စိုက်ခင်းများ စိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်ရသည့် ဆေးဖက်ဝင်သစ်ခွမျိုးများ၊ ပျိုးပင်နှစ်သိန်း တစ်သျှူးနည်းဖြင့် မျိုးပွားမှုတို့ကို ရှင်းလင်းတင်ပြသည်။**

**မှာကြား**

ဝန်ကြီးက ခြံလုပ်ငန်းများကို စီးပွားရေး တွက်ခြေကိုက်အောင် ပြုလုပ်ရန်၊ ဆေးဖက်ဝင် သစ်ခွမျိုးများမှ ရောင်းတန်းဝင် မျိုးများ ဦးစားပေး ထုတ်လုပ်ရေး၊ ပျိုးပင်လိုအပ်ချက် ဖြည့်စွမ်းပေးရေး မှာကြားသည်။

ထို့နောက် ဆေးဖက်ဝင် သစ်ခွမျိုးများမှ အာမဲလက်တန်ရှည်ဒေါင်းမြီးသစ်ခွနှင့် သစ်ခွနီမျိုးများ၊ ယူကလစ်ဆီမွှေး ပျိုးပင်များနှင့် ထုတ်ယူရရှိသော အဆီတို့ကို ကြည့်ရှုသည်။

**ကြည့်ရှု**

ဆက်လက်၍ ဝန်ကြီးသည် တစ်သျှူးမွေးမြူခန်းနှင့် ဆေးဖက်ဝင်သစ်ခွပင်များကို စင်တင်စနစ်၊ အပင်ကပ်စနစ်၊ ပေါင်တင်စနစ်၊ ချိတ်ဆွဲစနစ်များဖြင့် မွေးမြူထားမှုကို ကြည့်ရှုသည်။

**မှာကြား**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ် အင်းကုန်းရွာရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသို့သွားရောက်ပြီး ရှင်းလင်းဆောင်၌ ဝန်ကြီးက တောင်သူလယ်သမား စိတ်ကြိုက် လုပ်ငန်းတွင်ကျယ်ပြီး ပေါ့ပါး ခိုင်ခံ့လွယ်ကူသည့် စက်ကိရိယာများ ထုတ်လုပ်ရေး မှာကြားသည်။

**အသေးစိတ်စစ်ဆေး**

ထို့နောက် ဝန်ကြီးသည် အလုပ်ရုံ အမှတ်(၁)တွင် စက်ပစ္စည်း တပ်ဆင်သည့် လိုင်းလေးလိုင်းဖြင့် အင်ဂျင်တပ်ဆင်မှုလုပ်ငန်း၊ အင်ဂျင်နှင့် ဂီယာဘောက်စမ်းသပ်မှု လုပ်ငန်းကိုလည်းကောင်း၊ အလုပ်ရုံအမှတ်(၂)တွင် လက်တွန်းထွန်စက်နှင့် စပါးရိတ်စက် အစိတ်အပိုင်းများအား တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းနှင့် ကိုင်တွယ်ရာတွင် ပေါ့ပါးလွယ်ကူမှုရှိရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို လည်းကောင်း၊ စက်ရုံမှ ထပ်မံပြုပြင်မွမ်းမံထုတ်လုပ်ထားသည့် ဒီဇယ်စပါးရိတ်စက်လေးမျိုးအား ကိုင်တွယ်မောင်းနှင်အသုံးပြုမှု၊ လက်တွေ့ပြသမှုကိုလည်းကောင်း၊ အလုပ်ရုံ အမှတ်(၃)တွင် ရှပ်နှင့် ဂီယာဘောက် ပြုလုပ်မှုကိုလည်းကောင်း၊ အလုပ်ရုံ အမှတ်(၄)တွင် အင်ဂျင်ဘလောက်တုံးလောင်းမှုကိုလည်းကောင်း အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်သွားရမည့် လုပ်ငန်းများကို မှာကြားသည်။**(သတင်းစဉ်)**

# ခရမ်းမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းစည်းဝေး

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

**ချီးမြှင့်**

အစည်းအဝေးတွင် သဘာပတိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၅-၂၀၀၆ ခုပညာ သင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက် ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာ ဂုဏ်ထူးရှင်ငါးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်သုံးဦးနှင့် မြန်မာနိုင်ငံ တင်းနစ် အဖွဲ့ချုပ်က ကျင်းပခဲ့သည့် လူငယ် တင်းနစ်ပြိုင်ပွဲတွင် ထူးချွန်စွာ အနိုင်ရရှိခဲ့သည့် မျိုးဆက်သစ်လူငယ် အားကစားသမားနှစ်ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာအပေါ် ကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြပြီး သဘာပတိက အစည်းအဝေး၏ အတည်ပြုချက် ရယူကာ ဆုံးဖြတ်ချက်များကို ချမှတ်သည်။

**လှူဒါန်း**

ထို့နောက် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ အဆင့်မြှင့်တင်ရေးအတွက် အလှူရှင်ရှစ်ဦးတို့က ငွေကျပ် ၂၄ သိန်းကိုလည်းကောင်း၊ ဖြိုးမေတ္တာ ကျန်းမာရေးစောင့်ရှောက်မှု အသင်းအတွက် အလှူရှင်သုံးဦးတို့က ငွေကျပ် ငါးသောင်းကို လည်းကောင်း၊ ပေးအပ်လှူဒါန်းကြသည်။**(ယာပုံ)(သတင်းစဉ်)**



# မာဒေးကားဖလားဘောလုံးပြိုင်ပွဲ မြန်မာနှင့်မလေးရှားယနေ့ယှဉ်ပြိုင်ကစားမည်

သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် ဩဂုတ် ၂၆

**မလေးရှားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ(Medeka Cup)ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ရှာအလမ်အားကစားကွင်း၌ ဩဂုတ် ၂၃ရက်မှ စတင်၍ ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားအသင်းနှင့်အတူ မြန်မာ၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့ ပါဝင်ယှဉ်ပြိုင်ကြရာ နှစ်ပွဲစီကစားပြီးချိန်အထိ ဗိုလ်လုပွဲတက်ရန် သေချာသည့်အသင်းမပေါ်ထွက်သေးဘဲ လက်ကျန်ပွဲစဉ်များကို စိတ်လှုပ်ရှားစွာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။**

### သရေပွဲဖြစ်

ဩဂုတ် ၂၅ရက်က ပထမပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။ ပွဲကစားချိန်အတွင်း မိုးသည်းထန်စွာ ရွာသွန်းနေမှုကြောင့် နှစ်သင်းစလုံး မိုးထဲရေထဲ၌ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ခဲ့ကြရသည်။

အင်ဒိုနီးရှားအသင်းမှ အထူးအားထားရသော တိုက်စစ်မှူးဘန်ဘန်းကို မြန်မာအသင်းမှ နောက်တန်းလူမင်းသူက စိတ်ကြိုက်ကစားခွင့်မရအောင် ထိန်းချုပ်နိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းမှ ဘန်ဘန်းနှင့် ဆာလိုဆာတို့၏ ကန်သွင်းမှုများကို မြန်မာဂိုးသမား အောင်အောင်ဦး အစွမ်းပြကာ ကွယ်နိုင်ခဲ့၍ အင်ဒိုနီးရှားအသင်း ဂိုးမရဘဲ ဖြစ်ခဲ့သည်။ မြန်မာအသင်းနောက်တန်းမှ ဇော်လင်းထွန်း(၂)နှင့် မင်းသူတို့အကောင်းဆုံး ကစားပြီး အင်ဒိုနီးရှား တိုက်စစ်မှူးများ၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ဟန့်တားနိုင်ခဲ့သည်။

### နှစ်ဂိုးစီသရေ

မြန်မာအသင်းသည် ဩဂုတ် ၂၃ရက်က ထိုင်းအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့ရာ မြန်မာအသင်းအတွက် ချေပဂိုးနှစ်ဂိုးကို တိုက်စစ်မှူး စည်သူဝင်း(ပြည်ထဲရေး)က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှ တိုက်စစ်မှူးရန်ပိုင်သည် ပွဲစပြီး လေးမိနစ်အကြာတွင် ခြေထောက်ဒဏ်ရာရရှိသွား၍ ခင်မောင်ထွန်းနှင့် လူစားလဲခဲ့ရသည်။ မြန်မာအသင်းမှ စိုးမြတ်မင်းသည် ဒုတိယပိုင်း၌ ခေါင်းခုန်တိုက်စဉ် ထိုင်းဂိုးသမားနှင့် ထိခိုက်မိပြီး ဒဏ်ရာရရှိခဲ့ရာ နှစ်ချက်ခန့်ချုပ်ခဲ့ရသည်။

### မလေးရှားနိုင်

ဩဂုတ် ၂၅ရက်က ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင်မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့သည် ယှဉ်ပြိုင်ကစားရာမလေးရှားအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ မလေးရှားအသင်းသည် ပွဲဦးထွက်၌ အင်ဒိုနီးရှားအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့ရာ ယခုပွဲအနိုင်ရရှိသဖြင့် ဗိုလ်လုပွဲတက်ရန် အလားအလာကောင်းသွားသည်။ ထိုင်းအသင်းသည် နှစ်ပွဲကစား တစ်မှတ်သာရရှိထား၍ မျှော်လင့်ချက်မှေးမှိန်သွားပြီ ဖြစ်သည်။

တစ်သင်းလျှင်နှစ်ပွဲစီကစားပြီးချိန်တွင် မလေးရှားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့က နှစ်ပွဲသရေ နှစ်မှတ်၊ ထိုင်းအသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်ရရှိထားသည်။

### ယနေ့ပွဲစဉ်များ

ဩဂုတ်၂၇ရက်**(ယနေ့)**တွင်ပထမပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ညနေ ၅နာရီတွင် ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

### စောင့်ကြည့်ရမည်

အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်တွင် ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ သရေပွဲဖြစ်သွားပါက ထိုင်းအသင်း မျှော်လင့်ချက်ကုန်သွားမည်ဖြစ်ပြီး အင်ဒိုနီးရှားအသင်းက မြန်မာအသင်းနှင့် မလေးရှားအသင်းပွဲစဉ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်ရေးအတွက် မလေးရှားအသင်းကို အနိုင်ကစားရမည့်အနေအထားဖြစ်သည်။ အိမ်ရှင်မလေးရှားအသင်းသည် သရေကျလျှင်ပင် ဗိုလ်လုပွဲတက်ရန် သေချာနေပြီဖြစ်သည်။ ပထမပွဲစဉ်၌ ထိုင်းအသင်းနှင့် အင်ဒိုနီးရှားတို့သရေကျသွားပါက မလေးရှားအသင်း ဗိုလ်လုပွဲတက်ခွင့်ရသွားမည်ဖြစ်ရာ မြန်မာအသင်းအတွက် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

### အသင်းများ၏ရပ်တည်မှုအနေအထား

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|
| မလေးရှား | ၂ | ၁ | ၁ | – | ၃ | ၂ | ၄ |
| မြန်မာ | ၂ | – | ၂ | – | ၂ | ၂ | ၂ |
| အင်ဒိုနီးရှား | ၂ | – | ၂ | – | ၁ | ၁ | ၂ |
| ထိုင်း | ၂ | – | ၁ | ၁ | ၃ | ၃ | ၁ |

# အပြည်ပြည်ဆိုင်ရာဘတ်စကက်ဘောအဖွဲ့ချုပ် ကမ္ဘာလုံးဆိုင်ရာကွန်ဂရက်အစည်းအဝေးတက်ရန် မြန်မာအဖွဲ့ ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဩဂုတ် ၂၈ရက်မှ ၃၀ရက်အထိ လေးနှစ်တစ်ကြိမ် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘောအဖွဲ့ချုပ်၏ ကမ္ဘာလုံးဆိုင်ရာ ကွန်ဂရက် အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့် (M.D, Supreme Group of Companie) ခေါင်းဆောင်၍ အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒေါ်မြတ်သန္တာ တို့သည် ယနေ့ညနေ ၈နာရီက TG-306 လေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

### ပို့ဆောင်နှုတ်ဆက်

ပါမောက္ခဒေါက်တာစိန်မြင့်နှင့် အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

**(မြန်မာ့အလင်း)**

# လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမစည်းဝေး

**ရန်ကုန် ဩဂုတ် ၂၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကားပြောကြားသည်။

### တက်ရောက်

အစည်းအဝေးသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လသာမြို့နယ် သမဝါယမဦးစီးဌာန ငွေစုငွေချေး သမဝါယမအသင်းလီမိတက်မှ တာဝန်ရှိသူများ၊ အသင်းသား အသင်းသူဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် ၂၀၀၅–၂၀၀၆ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းတို့ကို ဖတ်ကြားအတည်ပြုကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

**ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၈ရက်မှ ၂၂ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျင်းပမည့်ပြိုင်ပွဲ အမျိုးအစားမှာ ခြောက်မျိုးတန်း(ခြောက်ပေါက်တန်း) အဆင့်ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများ နောက်ဆုံးစာရင်းပေးရမည့်ရက်မှာ ၂၀၀၆ ခုနှစ် အောက်တိုဘာ၁ရက် ဖြစ်သည်။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ငွေကျပ် ၅၀၀၀၀၊ ပြိုင်ပွဲဝင်ဝတ်စုံ၁၀စုံနှင့် ခြင်းလုံးတစ်လုံးစီ ပံ့ပိုးပေးမည်ဖြစ်သည်။ ဆုများကိုလည်း ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ၇၀၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀ ဆုများချီးမြှင့်သွားမည်ဖြစ်သည်။**

**အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် ဦးသန်းမောင်(ဒုတိယဥက္ကဋ္ဌ) ဖုန်း–၀၉၈၀–၂၂၅၃၂၊ ၇၀၅၀၇၀၊ ဦးမျိုးမြင့် တွဲဖက်အတွင်းရေးမှူး ဖုန်း–၂၂၆၈၇၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

## ထစ်ချုန်းမိုး

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

### ■ *ကျောဖုံးမှ*

ဗိုလ်လုပွဲအဖြစ် အမှတ်(၁) မော်တော်ယာဉ် တပ်ရင်းအသင်းနှင့် ပင်မယာဉ်သိုလှောင်ရေးတပ်(ပျဉ်းမနား)တို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က အနိုင်ရဗိုလ်စွဲသွားသော အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းအသင်းအား ပထမဒိုင်းဆုကြီးကို ချီးမြှင့်ပေးအပ်ပြီး အသင်းလိုက်ပထမနှင့် ဒုတိယဆုရ အားကစားသမားများနှင့် အကောင်းဆုံးအားကစားသမားဆုရ ရှိသူများအား တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

# လီဗာပူးနိုင်ပွဲစ၊ အာဆင်နယ်ရှုံးပွဲကြို ရိုင်ယန်ဂစ်ဂိုးဖြင့် မန်ယူနိုင်ပွဲဆက်

သတင်းမြင်ကွင်း-မြင့်မောင်စိုး

လန်ဒန် ဩဂုတ် ၂၆

**ပရီမီယာလိဂ်ပွဲစဉ်(၃)အမှတ်ပေးဘောလုံးပြိုင်ပွဲများကို ဩဂုတ်၂၆ရက် ညပိုင်းကယှဉ်ပြိုင်ကစားခဲ့ရာ ကွန်မြူနတီဒိုင်းချန်ပီယံလီဗာပူးက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ သို့ရာတွင် အာဆင်နယ်က မန်စီးတီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။**

လီဗာပူးတို့ ယင်းအနိုင်ရမှုသည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပထမဆုံးသော အနိုင်ပွဲဖြစ်သည်။

ပွဲစသည်နှင့် လီဗာပူးတို့ ဝက်စ်ဟမ်းဘက်သို့ ဖိကစားနေသော်လည်း ပွဲချိန်၁၂မိနစ်တွင် ဝက်စ်ဟမ်းတိုက်စစ်



**လီဗာပူးမှ မကြာမီကခေါ်ယူလိုက်သော ဒတ်ကွတ်၏ ယှဉ်ပြိုင်ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

မှူး ဇာမိုရာက ညာတောင်ပံမှ လီဗာပူးဂိုးရှေ့သို့ခုတ်တင်ပေးလိုက်ရာ လီဗာပူးဂိုးသမား ရေးနားဘောလုံးကို ဆွဲဖမ်းရန်ကြိုးစားစဉ် ဘောလုံးမှာလက်နှင့်ထိပြီး ဂိုးပေါက်ထဲရောက်သွားသဖြင့် ဝက်စ်ဟမ်းတို့ မမျှော်လင့်ဘဲ ဂိုးစသွင်းယူနိုင်ခဲ့သည်ကို တွေ့ရသည်။ သို့သော်လည်း လီဗာပူးတို့ပထမပိုင်းမှာပင် နှစ်ဂိုးပြန်သွင်းနိုင်ခဲ့သည်။

ပွဲချိန်၄၂မိနစ်တွင် လီဗာပူးနောက်တန်းကစားသမား ဒိန်းအက်ဂါက အလွန်ဆိုကွင်းလယ်စက်ဝိုင်းမှ ဖြတ်ပို့လိုက်သောဘောလုံးကို ဆွဲပြေးသွားပြီး မနားတမ်းကန်သွင်းယူခဲ့သည်။ ယင်းဂိုးကြောင့် လီဗာပူးတို့ ခြေစွမ်းတက်လာပြီး သုံးမိနစ်အကြာ ပီတာခရောက့်ချ်က ဒုတိယမြောက်ဂိုးသွင်းယူနိုင်ခဲ့သည်။

ပွဲပြီးခါနီးတွင် လီဘောင်ယာ ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုး သွင်းခဲ့သော်လည်း တိုင်ထိပြန်ထွက်လာသဖြင့် နစ်နာခဲ့ရသည်။

လီဗာပူးနှင့်ဝက်စ်ဟမ်းတို့သည် အက်ဖ်အေဖလားတွင် ဆုံတွေ့ခဲ့ကြပြီးနောက် ပထမဆုံးအကြိမ်ဆုံတွေ့ခြင်းဖြစ်သည်။

### ဝက်ဖို့ဒ်–မန်ယူ

ပရီမီယာလိဂ် တာထွက်ကောင်းခဲ့သော မန်ချက်စတာယူနိုက်တက်အသင်းသည် ပွဲစဉ်(၃)တွင်လည်း ဝက်ဖို့ဒ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်လိုက်ပြန်ပြီဖြစ်သည်။

### ပွဲ ၆၀၀

မန်ယူအသင်း၏ ဝါရင့်ကစားသမား ရိုင်ယန်ဂစ်က ပွဲချိန် ၅၂မိနစ်တွင် မန်ယူအတွက် အနိုင်ဂိုးကို သွင်းပေးနိုင်ခဲ့သည်။ **ယင်းပွဲစဉ်သည် ရိုင်ယန်ဂစ်၏ ပွဲ ၆၀၀ ပြည့်မြောက်ကစားသည့်ပွဲ ဖြစ်သည်။**

ပထမပိုင်း ၁၂ မိနစ်တွင် လူးဝစ်ဆာဟာ ဖန်တီးပေးသော ဘောလုံးကို ဆေးဗက်စတားက သွင်းယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဒါမီယန်ဖရန့်စစ်က ပထမပိုင်း မပြီးမီ အက်ရှ်လီယန်း ဖြတ်ပို့သော ဘောလုံးမှ ချေပဂိုး သွင်းယူနိုင်ခဲ့သည်။

### နိုင်ပွဲဆက်

ပွဲအပြီးတွင် မန်ယူက ဝက်ဖို့ဒ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ယခုနှစ် ပရီမီယာလိဂ်တွင် ဖာဂူဆန်၏မန်ယူအသင်းသည်သွင်းဂိုးအများဆုံးသွင်းကာ သုံးပွဲဆက်တိုက်နိုင်ပွဲဆက်နိုင်ခဲ့သည်။ ။

## အခြားပွဲစဉ်များရလဒ်

**ချယ်လ်တန် ၂–၀ ဘော်လ်တန်**

၂၈မိနစ် ရှုရီဒါဘွန်(အနီကတ်) ၅၈မိနစ် ဒေါ့ဖ်(ပယ်နယ်တီလွဲ)

၆၅မိနစ် ဒါရင်ဘင့်(ပယ်နယ်တီ) ၁–၀ ၇၂မိနစ် ဒါးဗီးစ်(အနီကတ်)

၈၅မိနစ် ဒါရင်ဘင့် ၂–၀

**တော့တင်ဟမ် ၀–၂ အဲဗာတန်**

၃၃ မိနစ် ကီလ်ဘိန်း(အနီကတ်)

၅၃မိနစ်ဒေဗင်ပို့တ် ၀–၁

(ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ)

၀–၂ ၆၆မိနစ် ဂျွန်ဆင်

**ဝီဂန် ၁–၀ ရီးဒင်း**

၃၈မိနစ် ဟတ်စ်ကီး ၁–၀

**ဖူလ်ဟမ် ၁–၀ ရှက်ဖ်ဖီးလ်ယူနိုက်တက်**

မိနစ်၄၀ ဘူလ်လတ်ဒ် ၁–၀

**မန်စီးတီး ၁–၀ အာဆင်နယ်**

၄၁ မိနစ် ဂျိုးဘာတန် ၁–၀

(မြန်မာ့အလင်း)

# ကမ္ဘာတစ်လွှား အားကစား

## ဘလက်ဘန်းနှင့် လက်ရှိချန်ပီယံချယ်လ်ဆီး ဗီလာနှင့်နယူးကာဆယ် ယနေ့ကစားမည်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဩဂုတ် ၂၆

**ပရီမီယာလိဂ်ပွဲစဉ်(၃)ကို ဩဂုတ် ၂၇ ရက် (ယနေ့) ဆက်လက်ကစားမည်ဖြစ်ရာ ဘလက်ဘန်းနှင့် ချယ်လ်ဆီး၊ အက်စတွန်ဗီလာနှင့် နယူးကာဆယ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**



**ချယ်လ်ဆီး အသင်းမှအသင်း ခေါင်း ဆောင် တယ်ရီ** (ယာ)**နှင့် လမ်းပတ်** (ဝဲ)**တို့အား တွေ့ရစဉ်။**
(ဓာတ်ပုံ– အင်တာနက်)

### ဘလက်ဘန်းနှင့်ချယ်လ်ဆီး

တယ်ရီဦးဆောင်သော ချယ်လ်ဆီးအသင်း ဘလက်ဘန်းကွင်း၌ အကြိတ်အနယ် ကစားရမည်ဖြစ်သည်။ ရှက်ဗ်ချင်ကို၊ ဒရော့ဘာ၊ ဂျွန်တယ်ရီ၊ လမ်းပတ်နှင့်ရော်ဘင်တို့ကို အဓိကထား ကစားမည်ဖြစ်ရာ နိုင်ပွဲရမှုဖြစ်မည့် ချယ်လ်ဆီးတို့ ဂိုးပြတ်သွင်းရန် ကြိုးစားမည်ဖြစ်သည်။ ဩဂုတ် ၂၃ ရက်က ပွဲတွင် ရော်ဘင် ဒဏ်ရာရရှိခဲ့သဖြင့် ယနေ့ပွဲပါဝင်ရန် မသေချာချေ။ ဘောလက်နှင့်ဂျိုလ်ကိုးတို့လည်း ဒဏ်ရာရ၍ ရှိသည့်လူနှင့်ပင် ချယ်လ်ဆီးတို့ နိုင်ပွဲရအောင် ကစားမည်ဖြစ်သည်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ယနေ့ပွဲ အနိုင်ရမည်ဟု ကြိုတင်ပြောကြားထားသည်။

ဘလက်ဘန်းတွင် ပီအက်စ်ဗွီမှ ပြောင်းရွှေ့လာသော ဟော်လန်နောက်ခံလူ အင်ဒရီအိုရီဂျာ ယနေ့ပွဲတွင်စတင်ကစားမည်ဖြစ်သည်။ ဘလက်ဘန်းတို့ကလည်း အိမ်ကွင်း၌ ခံကစားမည်ဖြစ်ရာ ကြည့်ကောင်းမည့်ပွဲပင် ဖြစ်သည်။ ချယ်လ်ဆီး လက်ထောက်နည်းပြ စတိဗ်ကလပ်က မစ်ဒယ်ဘရော့နှင့်ပွဲမှ အမှားများကို သင်ခန်းစာယူကာ ကစားသွားမည်ဟု ပြောကြားသည်။

### အက်စတွန်ဗီလာနှင့်နယူးကာဆယ်

ပြီးခဲ့သည့် ဘောလုံးရာသီ၌ နယူးကာဆယ်တို့က အက်စတွန်ဗီလာကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ယူထားသည့် ရလဒ်ရှိနေသည်။ သို့သော် အက်စတွန်ဗီလာတို့က ယခုနှစ်တွင် ခြေစွမ်းပြလျက်ရှိရာ နာမည်ကြီးအာဆင်နယ်ကို တစ်ဂိုးစီ သရေကစားပြီး တန်းတက် ရက်ဖီးယူနိုက်တက်ကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ယူထားသည် ဖြစ်ရာ နယူးကာဆယ်တို့ယနေ့ပွဲ အကြိတ်အနယ် နွှဲရဖွယ်ရှိနေသည်။

သို့သော် နယူးကာဆယ်ကလည်း တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ခြေစွမ်းမည့်ကြောင်း ပြသထားရာ လက်ရှိအနေအထားအရ နယူးကာဆယ်တို့ အရေးသာဖွယ်ရှိသော်လည်း အက်စတွန်ဗီလာကို ကျော်ဖြတ်ရန် အစွမ်းကုန်ကြိုးစားမှ ရမည့် အနေအထားရှိသည်။ ။ **(အင်တာနက်)**

## အင်ဒိုရာနှင့် ကစားမည့်ပွဲအတွက် ဂျွန်ဆင်အား အင်္ဂလန်အသင်းခေါ်ယူ



လန်ဒန် ဩဂုတ် ၂၆

**လာမည့်စက်တင်ဘာ၂ရက်တွင် ယူရို–၂၀၀၈ ခြေစစ်ပွဲအဖြစ် အင်ဒိုရာနှင့် ကစားရမည့်ပွဲအတွက် အဲဗာတန်တိုက်စစ်မှူး အင်ဒရူဂျွန်ဆင်ကို ခေါ်ယူမည်ဖြစ်ကြောင်း နည်းပြ မက်ကလာရင်က ပြောကြားလိုက်သည်။**

စက်တင်ဘာ ၂ ရက်တွင် အိုးထရက်ဖို့ဒ်၌ ကစားမည့် အင်ဒိုရာနှင့်ပွဲအတွက် အင်္ဂလန်အသင်း တိုက်စစ်မှူးများဖြစ်သော ဂျိုလ်ကိုးနှင့် ဂျာမိန်းကာရာဂါတို့ ဒဏ်ရာရရှိနေသဖြင့် ဂျွန်ဆင် **(အပေါ်ပုံ)**အား ခေါ်ယူခြင်းဖြစ်သည်။ ထို့အပြင် မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်ကိုလည်း ခေါ်ယူမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**



## ဆွစ်ဇာလန်နှင့်ကစားမည့်ပွဲအတွက် ဝေါလ်ကော့တ်ကို ခေါ်ယူ

လန်ဒန် ဩဂုတ် ၂၆

**လာမည့်စက်တင်ဘာ ၆ ရက်တွင်ကစားမည့် ဆွစ်ဇာလန်နှင့်ပွဲ၌ ယူ–၂၁ အင်္ဂလန်အသင်း တိုက်စစ်မှူး အဖြစ်ကစားရန် အာဆင်နယ်တိုက်စစ်မှူး ဝေါလ်ကော့တ်ကို ခေါ်ယူမည်ဖြစ်ကြောင်း အင်္ဂလန် ယူ–၂၁ နည်းပြ ပီတာတေလာက ပြောကြားသည်။**

အသက် ၁၇နှစ်အရွယ်ရှိ ဝေါလ်ကော့တ် **(အပေါ်ပုံ)** သည် ယူ–၂၁တွင် ပထမအကြိမ် ပါဝင်ကစားမည်ဖြစ်သည်။ အင်္ဂလန် ယူ–၂၁သည် ဆွစ်ဇာလန်အသင်းကို အနိုင်ရယူမည်ဖြစ်ကြောင်း နည်းပြ ပီတာတေလာက ပြောကြားသည်။

**(အင်တာနက်)**

## စပိန်လာလီဂါပွဲစဉ်(၁) ယနေ့စတင်ယှဉ်ပြိုင်မည်

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ရီးရဲမက်ဒရစ် ဩဂုတ် ၂၆

**စပိန်လာလီဂါပြိုင်ပွဲ အဖွင့်ပွဲစဉ်(၁)ကို ဩဂုတ် ၂၇ရက် (ယနေ့)ညပိုင်းတွင် စတင်ကစားတော့မည်ဖြစ်ရာ လက်ရှိချန်ပီယံဘာစီလိုနာအသင်းသည် ဆဲလ်တာဗီဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နာမည်ကြီးရီးရဲမက်ဒရစ်အသင်းက အိမ်ကွင်း၌ ဗီလာရီးယဲလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။**

### ဆဲလ်တာဗီဂို–ဘာစီလိုနာ

လက်ရှိချန်ပီယံလည်းဖြစ်၊ ချန်ပီယံလိဂ် ဖလားပိုင်ရှင်လည်း ဖြစ်သည့် ဘာစီလိုနာအသင်းသည် ဆဲလ်တာဗီဂိုအသင်းကို ဧည့်အသင်းအဖြစ် သွားရောက်ကစားရမည် ဖြစ်သော်လည်း နိုင်ခြေစွမ်းရည် ပို၍များလိမ့်မည်ဖြစ်သည်။

ယင်းတို့ နှစ်သင်း၏ ယမန်နှစ် ဆုံတွေ့မှုမှတ်တမ်း အရဆိုလျှင် ဘာစီလိုနာအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့်သာ အနိုင်ရထားခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါ အကြိုပွဲအဖြစ် ယှဉ်ပြိုင်ကစားသည့် စပိန်စူပါဖလားကိုလည်း မကြာမီက အက်စပန်ညိုအသင်းအား သုံးဂိုး– ဂိုးမရှိကစားပြီး နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲထားသည်။

မည်သို့ပင် ဖြစ်စေကာမူ ဘာစီလိုနာ နည်းပြ ဖရန့်ရိကတ်က သူ၏အသင်း အောင်လံကို ဆက်လက်ရွက်လွှင့်သွားလိမ့်မည်ဟု မျှော်လင့်ရသည်။



**ဘာစီလိုနာ နည်းပြ**

**ဘာစီလိုနာနည်းပြ ဖရန့်ရိကတ်။**
(ဓာတ်ပုံ– အင်တာနက်)

### ရီးရဲမက်ဒရစ်–ဗီလာရီးယဲလ်

ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ရာသီအတွက် ကမ္ဘာ့ဖလားဗိုလ်စွဲခဲ့သည့် အီတလီအသင်းခေါင်းဆောင်ကင်နာဗာရို၊ နစ္စတယ်ရွိုင်း၊ အီမာဆင်နှင့် ဒီယာရာတို့ကို ခေါ်ယူပြီး ထပ်မံအားဖြည့်ထားသည်။



**ရီးရဲမက်ဒရစ် နည်းပြ**

**ရီးရဲမက်ဒရစ် နည်းပြ ကာပယ်လ်လို။**
(ဓာတ်ပုံ– အင်တာနက်)

တစ်ဖန်အရည်အချင်းပြည့်ဝသော ရီးရဲမက်ဒရစ် နည်းပြ ကာပယ်လ်လိုကလည်း ယခုနှစ်ရာသီတွင် အောင်မြင်မှုရသည်အထိ ရီးရဲမက်ဒရစ်အသင်းကို လုပ်ပေးလိမ့်မည်ဟု မျှော်လင့်ရသည်။

ရီးရဲမက်ဒရစ်နှင့် ဗီလာရီးယဲလ် အသင်းတို့သည် ယမန်နှစ် ဆုံတွေ့မှုတွင် သုံးဂိုးစီ သရေကျခဲ့သော်လည်း ယခုနှစ် အိမ်ကွင်းအဖွင့်ပွဲတွင် အနိုင်ကစားလိမ့်မည် ဖြစ်သည်။ သို့သော်လည်း ယင်းတို့နှစ်သင်းသည် ဂိုးပြတ်ဖွယ် မရှိချေ။

### ဗလင်စီယာ–ဘက်တစ်

ချန်ပီယံလိဂ် ဝင်ခွင့်ရရှိထားသော ဗလင်စီယာအသင်းသည် ယခုနှစ်ရာသီတွင် လီဗာပူးမှ မိုရီယန်တက်စ်၊ ချယ်လ်ဆီးမှ ဒယ်ဟော်နိုတို့ကို ခေါ်ယူ အားဖြည့်ထားသည်ကို တွေ့ရသည်။

ဗလင်စီယာနှင့် ဘက်တစ် အသင်းတို့သည် ယခင်နှစ် ဆုံတွေ့မှုမှတ်တမ်းတွင် ဗလင်စီယာက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရထားခဲ့သည်။ ယခုနှစ်တွင်လည်း ဗလင်စီယာတို့ ထိုအောင်နိုင်မှုကို ဆက်ထိန်းထားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

### ဆီဗီလာ–လီဗန်တေး

ဆီဗီလာအသင်းသည် ယမန်နှစ် လာလီဂါပြိုင်ပွဲတွင် နံပါတ်(၄)နေရာမှ ရာသီကုန်ဆုံးစေခဲ့သည်။

ထို့အပြင် ဆီဗီလာအသင်းသည် ယူအီးအက်ဖ်အေဖလား လက်ရှိချန်ပီယံလည်း ဖြစ်သည်။

အဆိုပါ နှစ်သင်း၏ ယခင်နှစ် ဆုံတွေ့မှုတွင် ဆီဗီလာက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရထားခဲ့သည်။ ယခုနှစ်တွင်လည်း ဆီဗီလာတို့ အိမ်ကွင်းကစားရမည်ဖြစ်သဖြင့် ဆက်လက်အောင်နိုင်လိမ့်မည်ဟု ဆိုရပေလိမ့်မည်။

### အခြားပွဲများ

စပိန်လာလီဂါ အဖွင့်ပွဲအဖြစ် အခြားအသင်းးများ ဖြစ်သည့် ဒီပို့တီဗိုနှင့် ဇာရာဂိုဇာ၊ ရီခရီယေတီဗိုနှင့် မာယော့ကာ၊ ဘီဘာအိုနှင့် ဆိုစီဒက်၊ ရေးဆင်းနှင့် အက်သလက်တီကို၊ အိုဆာဆူနာနှင့် ဂီတာဖေး၊ အက်စ်ပန်ညိုနှင့် ဂင်နာစတစ်တို့လည်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

**(အင်တာနက်)**

## တိုက်စစ်မှူး အနယ်လ်ကာအား ဘော်လ်တန်က လေးနှစ်စာချုပ်ခေါ်ယူ

**ဖီနာဘာချီ အသင်းမှ နီကို လတ်အနယ်လ်ကာ။**
(ဓာတ်ပုံ–အင်တာနက်)



လန်ဒန် ဩဂုတ် ၂၆

**တစ်ချိန်က အာဆင်နယ်တိုက်စစ်မှူးအဖြစ် နာမည်ကြီးခဲ့သော အနယ်လ်ကာကို ဖီနာဘာချီအသင်းမှ ဘော်လ်တန်အသင်းက ပေါင်ရှစ်သန်းပေး၍ လေးနှစ်စာချုပ်လိုက်ပြီဖြစ်သည်။**

အသက် ၂၇နှစ်ရှိ အဆိုပါတိုက်စစ်မှူးသည် ပြင်သစ်ကစားသမားဖြစ်ပြီး ယခင်က အာဆင်နယ်၊ လီဗာပူးနှင့် မန်စီးတီးအသင်းတို့တွင် ကစားခဲ့သူဖြစ်သည်။ ၎င်းသည် တူရကီအသင်းဖြစ်သော ဖီနာဘာချီ အသင်း၌ ၁၈လကြာ ကစားခဲ့သည်။

နီကိုလတ်အနယ်လ်ကာသည် ပရီမီယာလိဂ်တွင် အံ့ဩဖွယ်ကောင်းလောက်အောင် ခြေစွမ်းပြကစားနိုင်သူဖြစ်ကြောင်း ဘော်လ်တန်နည်းပြ ဆမ်အလာဒိုက်စ်က ပြောကြားသည်။ ၎င်းသည် ဂိုးများကိုမွေးဖွားပေးနိုင်သူဖြစ်ပြီး အရည်အချင်းပြည့်ဝ၍ အတွေ့အကြုံရင့်ကျက်မှုကြောင့် မိမိတို့အတွက် တန်ဖိုးရှိတိုက်စစ်မှူးကောင်းဖြစ်ကြောင်း အဆိုပါဘော်လ်တန်နည်းပြက ပြောကြားသည်။

**(အင်တာနက်)**

# မိတ္ထီလာခရိုင် မိုးရာသီ စပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မိတ္ထီလာ ဩဂုတ် ၂၀

**မန္တလေးတိုင်း မိတ္ထီလာခရိုင် မိုးရာသီစပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဩဂုတ် ၁၄ရက် နံနက် ၇နာရီက မိတ္ထီလာ–မလှိုင်လမ်း မိုင်တိုင်အမှတ် ခြောက်မိုင်ခုနစ်ဖာလုံအနီးတွင် ကျင်းပသည်။**

## စပေါင်းသစ်ပင်စိုက်

စပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေး



စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေစိုးသူနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဖြူဖြူနွယ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာ၊ ရပ်ကွက်များမှ ဥက္ကဋ္ဌများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်း ၁၂၀၀ကျော်တို့က အော်ရီးရှားပင် ၂၀၇၀နှင့် ခြစ်ညည်းရိုးကြက်ဆူပင် ၅၀၀ တို့ကို စပေါင်းစိုက်ပျိုးကြသည်။

**(ခရိုင် ပြန်/ဆက်)**



# သာသနာ့နွယ်ဝင် သီလရှင်များဝတ်စုံလှူဒါန်းပွဲ ကျင်းပ

**ညောင်တုန်း ဩဂုတ် ၂၀**

ညောင်တုန်းမြို့နယ်အတွင်းရှိ သာသနာ့နွယ်ဝင် သီလရှင်များအား အလှူရှင်များ စုပေါင်းလှူဒါန်းသည့် စတုတ္ထအကြိမ် သီလရှင်ဝတ်စုံ လှူဒါန်းပွဲကို ဩဂုတ် ၆ရက်က ညောင်တုန်းမြို့ ရွှေဘုန်းပွင့်တန်ဆောင်းတော်တွင် ကျင်းပသည်။

အခမ်းအနားတွင် သီလရှင်များအား ဝတ်စုံလှူဒါန်းရေးအဖွဲ့နာယက ညောင်တုန်းမြို့ ရန်ကုန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇဋိလထံ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်က ဩဝါဒကထာမြွက်ကြားသည်။

## ရှင်းလင်းလျှောက်ထား

ဆက်လက်၍ ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်သိန်းထွန်း၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဝတ်စုံလှူဒါန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်၊ အတွင်းရေးမှူး ဦးခင်မောင်ညိုတို့က သာသနာရေးရာ ကိစ္စရပ်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဝတ်စုံနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းမှု အခြေအနေများ ဝတ်စုံလှူဒါန်းနိုင်ရေးအတွက် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းလျှောက်ထားကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် အလှူရှင်များက သာသနာ့နွယ်ဝင် သီလရှင် ၁၀၈ပါးတို့အား သီလရှင်ဝတ်စုံ နှစ်စုံစီ၊ ဖိနပ်တစ်ရန်စီနှင့် အိမ်သုံးဆေးများ၊ မျက်စဉ်းဆေးများအပါအဝင် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

စတုတ္ထအကြိမ် သီလရှင်များ ဝတ်စုံလှူဒါန်းပွဲတွင် စေတနာရှင်များ၏ လှူဒါန်းမှုအစုစု တန်ဖိုးမှာ ငွေကျပ် ၁၃ သိန်းခန့်ရှိကြောင်း သိရသည်။

**(ဝ၉၈)**

# မြေခြင်းအလှပြုပြင် ရေမှော်များဆယ်ယူ

**ဘားအံ ဩဂုတ် ၂၂**

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်၊ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဩဂုတ် ၁၉ရက်က ဘားအံမြို့ခွဲကပင်ခန်းမရှေ့ရှိ ကန်သာယာနှင့် ပန်းဥယျာဉ် သာယာလှပရေးအတွက် မြေခြင်းအလှ ပြုပြင်ခြင်းနှင့် ကန်သာယာအတွင်းရှိရေမှော်နှင့် ဒိုက်များ ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

**(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

# မိခင်နှင့်ကလေးများဆုံးရှုံးနစ်နာမှုမှ ကာကွယ်ရန်ရည်ရွယ် အရပ်လက်သည်များမွေးဖွားနည်း ပညာပေးဟောပြောပွဲ ဆီဆိုင်၌ကျင်းပ

ဆီဆိုင် ဩဂုတ် ၅

**ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် အရပ်လက်သည်များအား မွေးဖွားနည်းပညာပေး ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၂၆ရက် နံနက် ၉နာရီက ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်အေးမြစိုးက အရပ်လက်သည် အချို့၏လုပ်ငန်းကျွမ်းကျင်မှု အတွေ့အကြုံ နည်းပါးမှုများကြောင့် မလိုလားအပ်သည့် ဒေသခံတိုင်းရင်းသူမိခင်နှင့်ကလေးများ ဆုံးရှုံးနစ်နာမှုများမှ ကာကွယ် ပပျောက်စေရန် ရည်ရွယ်၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ မြို့နယ်



ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းစီမံဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ မွေးဖွားမှုနည်းပညာပေး ဟောပြောပွဲသို့ တက်ရောက်လာကြသော အရပ်လက်သည်များအနေဖြင့် မိမိတို့လုပ်ငန်း ကျွမ်းကျင်မှု အရည်အသွေးကို အသုံးချ မွေးဖွားပေးနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် တန်ဖိုးရှိလှသော မိခင်နှင့်သားကောင်းရတနာများ သေဆုံးမှုကျဆင်းခြင်းကို အထောက်အကူပြုပညာဖြစ်သည့်အတွက် ယုံကြည်ချက်၊ ခံယူချက်အပြည့်အဝထား၍ လေ့လာမှတ်သားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ **(ဝဲပုံ)** **(ဝ၄၈)**

# ပင်းတယ၌ ပန်းအလှပင်များ ပြုပြင်စိုက်ပျိုး

ပင်းတယ ဩဂုတ် ၁၀

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် ဩဂုတ် ၃ ရက်က မြို့ဝင်ဆိုင်းဘုတ်အနီး၌ ချုံနွယ်များရှင်းလင်းခြင်း၊ ပန်းခုံအတွင်း ပန်းအလှပင်များ ပြုပြင်စိုက်ပျိုးခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။**

(နယ်စပ်/စည်ပင်)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍရည်ရွယ် ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာတွင် ငါးမျိုးစိုက်ထည့်

ကဝ ဩဂုတ် ၂၅

**ကဝမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍကိုရည်ရွယ်ပြီး ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်နှင့် အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ရက်က ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာတွင် ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်မြင့်သိန်း၊ ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုန်းနဲ့ကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အုန်းနဲ့ချောင်းနှင့် ဝဲပတန်တူးမြောင်းအတွင်းသို့ ငါးသားပေါက်ကောင်ရေ တစ်သိန်းကျော်ကို စုပေါင်းစိုက်ထည့်ပေးကြသည်။

**(အောက်ပုံ) (၂၄၀)**



# အမြို့မြို့ အနယ်နယ် သတင်းများ

# ဟိုပုံး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဟိုပုံး ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးကျင်းပသော စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို ဩဂုတ်၁၉ ရက် နံနက် ၇နာရီက ဟိုပုံးမြို့ အခြေခံပညာ အထက်တန်းကျောင်း အဝင်လမ်းမကြီး၌ ကျင်းပသည်။



## စုပေါင်းသန့်ရှင်း

အဆိုပါ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါချိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်နှင့် အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်ပြည်သူများ အင်အား ၁၂၀၀ တို့က တပျော်တပါး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။**(ဝဲပုံ)**

**(မြို့နယ် ပြန်/ဆက်)**



## စုပေါင်းစိုက်ပျိုး

**ဩဂုတ် ၇ ရက်က မကွေးမြို့၌ ကျင်းပသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးစဉ်။** (မြို့နယ်စည်ပင်)



## သထုံမြို့နယ် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်း

**သထုံ ဩဂုတ် ၂၂**

သထုံမြို့နယ် ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်ကြီး၏ နာယကအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ ဆရာတော်ကကြီးမှူး၍ သထုံမြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီက ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက် ခေမာရတနာဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် နာယကဆရာတော်က ဩဝါဒကထာချီးမြှင့်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်နှင့် သထုံမြို့နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်အောင်ငြိမ်းတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ကျေးရွာ ၃၉ ရွာရှိ ပဌမတန်းမှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၂၅၀၀အတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၆၀၀ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)**နာယကဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားသည်။

သထုံမြို့နယ် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၆၀၀ အပါအဝင် စုစုပေါင်းငွေကျပ် ၁၉ သိန်းဖိုး လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ပျဉ်းမနားခရိုင် မိုးစပါးတင်း ၁၀၀ ထွက်ရှိရေး ပေါင်းလိုက်၊ သမန်းနိုး စုပေါင်းမြေဩဇာကြဲပက်

**ပျဉ်းမနား ဩဂုတ် ၁၈**

ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မိုးစပါးတင်း ၁၀၀ ထွက်ရှိရေးအတွက် ပေါင်းလိုက်၊ သမန်းနိုး စုပေါင်းမြေဩဇာကြဲပက်ပွဲကို ဩဂုတ် ၁၄ရက် နံနက် ၇ နာရီက ကျီးအင်းကျေးရွာ ကွင်းအမှတ်(၁၇၀၈၊ ၁၇၀၉ နှင့် ၁၆၉၈) ရှိ မိုးစပါးစိုက်ဧက ၁၀၀တွင် ကျင်းပရာ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်ညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ တက်ရောက်အားပေးကြသည်။

**ကြဲပက်**

အခမ်းအနားတွင် စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)မှ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ကျေးရွာတောင်သူလယ်သမားများ စုစုပေါင်း အင်အား ၅၀၀ကျော်တို့က ပေါင်းလိုက်၊ သမန်းနိုးမြေဩဇာ ကြဲပက်ခြင်းကို တပျော်တပါးဆောင်ရွက်ကြသည်။

အလားတူပေါင်းလိုက်၊ သမန်းနိုးပွဲများကို မြို့နယ်အတွင်းရှိ ရှေ့တန်းစခန်းအသီးသီးတွင် အပတ်စဉ်ပြုလုပ်ကြကြောင်း သိရသည်။ **(၁၀၁)**

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ယုဇနဥယျာဉ်မြို့) ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှု အဖြစ် ဩဂုတ် ၁၈ ရက်က ဗိုလ်ကြီး သောင်းဟန်၊ ဇနီးဒေါ်စောယုယုနိုင် သားဖြစ်သူ မောင်မင်းခန့်ကျော်တို့က အာဟာရ နို့ထမင်း လှူဒါန်း တိုက်ကျွေးစဉ်။** (မြို့နယ် ပြန်/ဆက်)



## ဖျာပုံမြို့ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး မြေတူးစက်ဖြင့် ရေမြောင်းများတူးဖော်ဆောင်ရွက်

**ဖျာပုံ ဩဂုတ် ၂၂**

ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် အဓိကပင်မရေထွက်ပေါက်တစ်ခုဖြစ်သော မဟာဗန္ဓုလလမ်း ရေမြောင်းကို မြေတူးစက်ဖြင့် ရေမြောင်းတူးဖော်ဆောင်ရွက်မှုကို ဩဂုတ် ၁၅ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)** **(၁၅၈)**





## အမြို့မြို့ အနယ်နယ် သတင်းများ

## မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှား

**ပုဏ္ဏားကျွန်း ဩဂုတ် ၁၆**

ကမ္ဘာ့မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၁ ရက်နံနက် ၈နာရီက ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့ ဦးရာဇ် မင်္ဂလာခန်းမတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစောမြခိုင်က မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်း အကျိုးကျေးဇူးများကို ဆွေးနွေး ဟောပြောသည်။

ထို့နောက် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် ဉာဏ်စမ်းဖြေဆိုမှုပြိုင်ပွဲ ဆုရသူများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် နို့တိုက်မိခင်များအား ဂုဏ်ပြုဆုများ၊ ထောက်ပံ့ပစ္စည်းများနှင့် အိုင်အိုဒင်းဆားများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့်အမှုဆောင်များက ပေးအပ်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့စိမ်းလန်းစိုပြည်သာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ ရက်က ဗိုလ်ချုပ်လမ်းနှင့် ဗလမင်းထင်လမ်းဆုံ တြိဂံကျွန်းအတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပေါင်းရှင်းမြေဆွေးထည့်ပြုပြင်ခြင်း လုပ်ငန်းများကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးအောင် ခေါင်းဆောင်သောအဖွဲ့က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းတို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**(တော်သလင်းလဆန်း ၆ ရက်)**
**၂၈-၈-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀:၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ (ခေတ်ဟောင်း/ကာလပေါ်)
-အခြေခံပညာအဆင့်-(၁၀-၁၅) (အမျိုးသား)
(၁) သုဝဏ္ဏသျှံ-ပြည်လှဖေ
-အခြေခံပညာအဆင့်-(၁၀-၁၅) (အမျိုးသမီး)
(၂) ချစ်စရာ့ပန်း-တင်တင်မြ
(၃) ဓမ္မစက်တော်-မြင့်မြင့်ရှိန်

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာ ပြန်ကြားလွှာ)

၁၁:၄၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ-သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၂:၃၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ
-ပညာရှင်အဆင့်-မဟာဂီတ
(၁) မှိုင်းပြာမှုန်ဝေ(ပတ်ပျိုး)-ဒေါ်ကြည်ကြည်ဝင်း
(၂) ခွာပြာသင်း(ပတ်ပျိုး)-ဦးဘခိုင်

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (သူငယ်တန်း) (ဘဝတွက်တာ ကျွမ်းကျင်စရာ-သူစိမ်းအန္တရာယ်)

**ညနေပိုင်း**

၁၆:၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) မောင်ကြီး မေတ္တာ
(၂) ချစ်စွာသော ဒို့လယ်ယာမြေ
(၃) ရွာကလေးရယ်

၁၇:၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ဉာဏ်ရည်နှင့် စရိုက်ဝါသနာ အခြေခံလျက် အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုအကြောင်း)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Better English

၁၉:၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မင်းမျက်လုံးအိမ်ထဲမှာ ကိုယ့်အရိပ်
(၂) ပန်လိုသည်မှာ
(၃) စိမ်းလဲ့ညို

**မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေးတစ်လျှောက်တွင် အရှည်ပေ ၁၃၀၀ ကတ်တုံးပြုလုပ်ခြင်း လုပ်ငန်းကို ဇူလိုင် ၂၂ ရက်က အမှုဆောင်အရာရှိဦးအောင်ဇံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မန်းဒေတို့က ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)





ပန်ဆန်း(ခ)ပန်ခမ်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုပသာဒကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းမိုလ်)

# နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာမှန်ဖော်ဆောင် ပန်ဆန်းနှင့် မိုင်းလားမြို့များ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်နေ တိုင်းရင်းသားချစ်ကြည်စည်းလုံးမှု၏ အောင်ပွဲရလဒ်ဖြစ်

## သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - သောင်းဝင်းမိုလ်

**ရန်ကုန် ဩဂုတ် ၂၆**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဆောင်ရွက်ချက်များကို ယုံကြည်လက်ခံကြ၍ ၁၉၈၉ခုနှစ်မှစ၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ထိုသို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)အဖွဲ့ဖြစ်သော 'ဝ'တိုင်းရင်းသားအဖွဲ့လည်း ပါဝင်ခဲ့သည်။

**အကုန်အကျခံ**

နိုင်ငံတော်က ငြိမ်းချမ်းရေးရရှိသောဒေသများကို အထူးဒေသများအဖြစ် သတ်မှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကိုချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိငွေကျပ်သန်းပေါင်း၈၄၇၅၃ဒသမ၃၃သန်းအထိ အကုန်အကျခံကာ ဆောင်ရွက်ပေးလျက်ရှိသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ✻

## ပထမအကြိမ်

# နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၀၆ခုနှစ် ပထမအကြိမ် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေ ၃နာရီခွဲက နေပြည်တော် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ *စာမျက်နှာ ၁၂ ကော်လံ ၃* ■

# စစ်တွေတက္ကသိုလ်နှင့် အစိုးရနည်းပညာကောလိပ်(စစ်တွေ) တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန် လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၅ရက် နံနက်ပိုင်းက စစ်တွေတက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ထွေးက စစ်တွေတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဘရွှေက တက္ကသိုလ်အတွင်း *စာမျက်နှာ ၉ ကော်လံ ၁* ✡

**နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ၂၀၀၆ ခုနှစ် ပထမအကြိမ် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသည့် အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းအသင်းအား ပထမဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)





## အင်ကြင်းသပိုး ရေလှောင်တမံ

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်ခဲ့သည့် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်ရှိအင်ကြင်းသပိုး ရေလှောင်တမံစီမံကိန်း မြင်ကွင်းကို ဩဂုတ် ၁၀ရက်က ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး (မြန်မာ့အလင်း)

27-8 (20).p65 1 1/1/32, 10:04 PM